# ကရင်နီလူမျိုး၏နောက်ခံသမိုင်းအကျဉ်း

ကရင်နီလူမျိုးသည် မွန်ဂိုးလီးယားကုန်းပြင်မြင့်မှစုန်ဆင်းလာပြီးဘီစီ(၇၃၉)ခုနှစ်လောက်ကစကာ ဒီးမောဆိုမြေပြန့်သို့အခြေချနေထိုင်ကာ ကရင်နီပြည်ကိုစတင်တည်ထောင်ခဲ့ကြသည်။ ထိုအချိန်မှစပြီး ကိုယ့်မင်းကိုယ့်ချင်းဖြင့်အကြီးအကဲများကိုရွေးချယ်တင်မြောက်လျက် တိုင်းပြည်ကိုအုပ်ချုပ်စေလေသည်။ နှစ်များမကြာမီ မြောက်အရပ်တွင်နေထိုင်သောယွန်းပဒေသရာဇ်မင်းသည် ကရင်နီပြည်ကိုစစ်ရေးအရဝင်ရောက်သိမ်းပိုက်ကာ ကရင်နီပြည်သူများကိုနှစ်တရာနီးပါးခန့် ကျွန်သဖွယ်ဖိနှိပ်အုပ်ချုပ်ခဲ့လေသည်။ သို့သော် ကရင်နီပြည်သူများသည်စည်းလုံးညီညွတ်စွာဖြင့်ယွန်းပဒေသရာဇ်မင်းအားတိုက်ခိုက်မောင်းထုတ်နိုင်ပြီး မူလအတိုင်းမိမိတို့တင်မြောက်ထားသော အကြီးအကဲဖြင့်တိုင်းပြည်ကိုအုပ်ချုပ်စေလေသည်။

ကရင်နီပြည်သည် အနွယ်တူမျိုးနွယ်စုများစုပေါင်းနေထိုင်သည့် သေးငယ်သောတိုင်းပြည်တစ်ခုဖြစ်သော်ငြားလည်း မြေပေါ်မြေအောက်သယံဇာတပေါကြွယ်ဝသည့် တိုင်းပြည်လည်းဖြစ်ပါသည်။ ဤသယံဇာတပစ္စည်းများလွတ်လပ်စွာထုတ်ယူသုံးစွဲကာ တိုင်းပြည်သာယာဝပြောဖွံ့ဖြိုးရေးအတွက်အကောင်အထည်ဖော်ဆောင်နိုင်သည့်အခြေအနေရှိပါသည်။

၁၈၅၇ခုနှစ်တွင် အင်္ဂလိပ်တို့အစိုးရကိုယ်စားလှယ် လော့ဒါဟိုဇီမှ ကရင်နီ၏သီခြားလွတ်လပ်ရေးကိုအသိအမှတ်ပြုခဲ့ကာ ၁၈၆၂ခုနှစ်တွင်ကရင်နီနှင့်မဟာမိတ်စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ထို့အပြင် ၁၈၇၅ခုနှစ်၊ဇွန်လ(၂၁)ရက်နေ့တွင် အင်္ဂလိပ်ဘုရင်နှင့်ဗမာဘုရင်တို့ကရင်နီ၏သီးခြားလွတ်လပ်ရေးကိုအသိအမှတ်ပြုသည့်နှစ်ပြည်ထောင်စာချုပ်ကိုချုပ်ဆိုခဲ့ကြသည်။ ၁၈၈၅ခုနှစ်တွင် အင်္ဂလိပ်တို့မှဗမာပြည်တစ်ပြည်လုံးကိုသိမ်းပိုက်ခဲ့သည့်တိုင် ကရင်နီမှာတသီးတခြားဆက်လက်တည်ရှိခဲ့သည်။ ၁၈၇၃အေဒီတွင်လည်းအရှေ့ကရင်နီနှင့်ဇင်းမိုင်ဘုရင်တို့သည် နှစ်ပြည်ထောင်ချစ်ကြည်ရေးများတည်ဆောက်ကာကျွဲသွေးသောက်သုံးလျက် နှစ်ပြည်ထောင်ချစ်ကြည်ရေးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက်သစ္စာပြုခဲ့ကြသည်။ ဇင်းမယ်ဘုရင်၏ညီတော်မှာအရှေ့ကရင်နီစောဖျာ၏သမီးတော်နှင့်လက်ဆက်ထိမ်းမြားခဲ့သည်။ ကရင်နီပြည်၏အုပ်ချုပ်ရေးကိုနယ်ပယ်အလိုက်ခွဲခြားထားပြီးအကြီးအကဲစောဖျာများမှတိုက်ရိုက်ကိုင်တွယ်စီမံခဲ့ကြသော်လည်း တစ်ပြည်လုံး၏အရေးကိစ္စများကိုမူနယ်အကြီးအကဲများနှင့်လူထုကိုယ်စားလှယ်များမှ စုပေါင်းညှိနိုင်းအဖြေရှာခြင်းများပြုလုပ်ကြပါသည်။ သို့သော် ၁၉၄၆ခုနှစ်၊စက်တင်ဘာလ(၁၁)ရက်နေ့တွင် ကရင်နီတစ်နိုင်ငံလုံး၏အုပ်ချုပ်ရေးအရပ်ရပ်ကိုဦးစီးဆောင်ရွက်သွားရန်အတွက် လွတ်လပ်သည့်ကရင်နီပြည်ထောင်စုကောင်စီအစိုးရ **(United Karenni Independent States Council)**ကိုစတင်ဖွဲ့စည်းခဲ့ပြီး ကရင်နီပြည်၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာရန်ကြိုးပမ်းခဲ့သည်။

၁၉၄၆ခုနှစ်၊ဒီဇင်ဘာလ(၂၄)ရက်နေ့တွင် ဖဆပလခေါင်းဆောင်ဦးအောင်ဆန်းမှလွိုင်ကော်မြို့သို့ရောက်ရှိလာကာ ကရင်နီပြည်သူများကို လွတ်လပ်ရေးရရှိတော့မည့်ပမာပြည်နှင့်ပူးပေါင်းရန်မဲဆွယ်တရားဟောပြောရာတွင် ကရင်နီနယ်ရဲ့ **Independence** ဆိုတာဟာလည်း စက္ကူပေါ်မှာသာရှိတာ တကယ်မှာတော့နဲနဲကလေးမှလွတ်လပ်တာမဟုတ်ဘူး၊တိုင်းတပါးသားတွေမောင်းထုတ်ပြီးဒီနေရာမှာပမာနဲ့အစားထိုးဖို့ရာမဟုတ်ဘူး၊ ခင်များတို့တည်ရှိနေတဲ့အခွင့်အရေး ကရင်နီအုပ်ချုပ်ရေးအတိုင်းအုပ်ချုပ်ပါ။ကျုပ်တို့ဘာမှဝင်ရောက်စွက်ဖက်ခြင်းမရှိဘူး၊ ကျုပ်တို့ကလည်းအင်္ဂလိပ်

ကျွန်မဖြစ်ချေသလိုခင်များတို့လည်းအင်္ဂလိပ်ကျွန်မဖြစ်ချင်ဘူး၊ အတူတူဘဲ တစ်ယောက်နှင့်တစ်ယောက်တန်းတူဖြစ်ရယ်ဟုပြောဆိုခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ပမာပြည်မှဗြိတိသျှအစိုးရထံလွတ်လပ်ရေးရရှိရန်ကြိုးပမ်းခဲ့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် ဖက်ဆက်ဆန့်ကျင်ရေးနှင့်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖဆပလအနေဖြင့် တောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့နှင့်တွေ့ဆုံဆွေးနွေးကာလွတ်လပ်ရေးရယူရန်ရှမ်းပြည်တောင်ပိုင်းပင်လုံမြို့တွင်တွေ့ဆုံကာ ပင်လုံသဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် အဆိုပါပင်လုံညီလာခံသို့ကရင်နီမှကိုယ်စားလှယ်စေလွှတ်ခြင်းမရှိသကဲ့သို့သဘောတူညီချက်တွေလည်းလက်မှတ်ရေးထိုးခြင်းမရှိခဲ့ချေ၊ အဆိုပါပင်လုံသဘောတူညီချက်အရ ၁၉၄၇ခုနှစ်တွင်တိုင်းပြုပြည်ပြုလွှတ်တော်တစ်ရပ်ကိုရန်ကုန်တွင်ပြုလုပ်ကာ အခြေခံဥပဒေရေးဆွဲရန်ပြင်ဆင်ခဲ့သည် အဆိုပါလွှတ်တော်သို့ကရင်နီမှကိုယ်စားလှယ်များပါဝင်တက်ရောက်ခြင်းမရှိခဲ့သော်လည်း အခြေခံဥပဒေ၏ပုဒ်မ၁၈၀(က)အရ ကရင်ပြည်အားဖွဲ့စည်းမည့် ကရင်ပြည်သစ်၏အထူးဒေသတစ်ခုအဖြစ်ထည့်သွင်းဖော်ပြခဲ့သည်။ ဤအချက်သည် ကရင်နီပြည်သူများ၏ဆန္ဒသဘော ထားလုံးဝမပါရှိဘဲတစ်ဖက်သတ်မတရားထည့်သွင်းထားခဲ့သည်။ ဤသမိုင်းကိုထောက်ရှုခြင်းအားဖြင့် ကရင်နီပြည်သည်မည်သည့်အခါမျှဗမာပြည်၏အစိတ်အပိုင်းတစ်ခုမဖြစ်ခဲ့သည်မှာအထင်အရှားပင်ဖြစ်သည်။

သို့သော် ပမာပြည်လွတ်လပ်ရေးရရှိပြီး (၇)လအကြာသြဂုတ်လ(၉)ရက်နေ့တွင်ကရင်နီအမျိုးသားအစည်းအရုံးဥက္ကဋ္ဌချုပ်စိုက်ရာဖြစ်သည့် မြလဲဒေါ်ကို ဖဆပလစစ်ရဲပလိပ်တပ်ဖွဲ့ဝင်ရောက်ကျူးကျော်တိုက်ခိုက်ရာမှ ကရင်နီအမျိုးသားတို့၏လွတ်လပ်ရေးကိုကာကွယ်ထိန်သိမ်းရေး တိုက်ပွဲစတင်ခဲ့ရပါသည်။ ထိုအချိန်မှစ၍ ကရင်နီအမျိုးသားရေးလှုပ်ရှားမှုမှာ အမျိုးသားခုခံတော်လှန်ရေးအသွင်သို့ကူးပြောင်းကာ ကရင်နီပြည်၏သီးခြားလွတ်လပ်ရေးကိုအကြောင်းပြုပြီးနှစ်ပေါင်း(၅၀)ကျော်ကြာတိုက်ပွဲဆင်နွဲလာခဲ့ခြင်းလည်းဖြစ်သည်။ သို့ငြားသော်လည်း ပြောင်းလဲလာနေသောကမ္ဘာ့နိုင်ငံရေးရေစီးကြောင်းနှင့်အညီ အခြားသောတိုင်းရင်းသားလူမျိုးများနှင့်အတူ(ဗမာအပါအဝင်)အားလုံးမှသဘောတူလက်ခံနိုင်သည့်တန်းတူရေး၊ အပြန်အလှန်အသိအမှတ်ပြုရေး၊ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိရေးနှင့်ဒီမိုကရေစီရေးမူအောက်တွင် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကိုတည်ဆောက်ကာ အကျိုးတူလုပ်ငန်းများကိုပူးပေါင်းဆောင်ရွက်နိုင်ရန်စုစည်းနေထိုင်ခြင်းသည်သာအားလုံးအတွက်ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဟုယုံကြည်သည့်အလျောက် သီးခြားလွတ်လပ်ရေးပြန်လည်ရရှိရေးဟူသောရတည်ချက်မှ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသို့အခြားသောတိုင်းရင်းသားလူမျိုးများ နှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်ဆုံးဖြတ်အကောင်အထည်ဖော်ဆောင်လာရခြင်းဖြစ်ပါသည်။

## (၁)ကရင်နီလူမျိုးတို့၏ဆင်းသက်လာပုံ

ကရင်နီလူမျိုးသည်လွန်ခဲ့သောနှစ်ပေါင်း(၄၀၀၀)ကျော် ခရစ်တော်မပေါ်မီသက္ကရာဇ် ဘီစီ ၂၆၁၈တွင် အာရှတိုက်အလယ်ပိုင်းမိုဂိုလီးယားနိုင်ငံဂိုဘီသဲကန္တရဒေသတွင်နေထိုင်သည့် လူမျိုးတစ်မျိုးဖြစ်ပါသည်။ နီသောအရောင်ကိုဝတ်စားဆင်ယင်ရန်ကြိုက်နှစ်သက်သဖြင့် အင်္ဂလိပ်လို **Red Karen,** ကရင်နီလို ꤊꤢꤙꤛꤢ꤬ꤜꤟꤤ꤬ ဟုခေါ်တွင်ပါသည်။ ထိုနေရာဒေသတွင်အချိန်ကာလကြာမြင့်စွာနေထိုင်လာသည့်အခါမိုးခေါင်ရေရှားပြီးလုပ်ကိုင်စားသောက်ရာတွင်အဆင်မပြေသည့်အပြင် ၎င်းနေရာတွင်သဲကန္တာရမြေဖြစ်သည့်အတွက် လယ်ယာ၊ တောင်ယာ၊ အိမ်ခြံစိုက်ပျိုးသီးနှံပင်များစိုက်ပျိုးရာတွင်မအောင်မြင်မဖြစ်ထွန်းပါသဖြင့် ခရစ်တော်မပေါ်မီ သက္ကရာဇ်ဘီစီ၂၀၁၃တွင် ဂိုဘီသဲကန္တရဒေသမှထွက်ခွာပြီး မြေကြည်ရာမြက်နုရာသို့နယ်မြေသစ်၊တိုင်းပြည်လိုက်ရှာကြရာဟုဆိုကာတောင်ဖက်သို့တဖြေးဖြေးဆင်းသက်လာကြရာ၌ တရုတ်ပြည်အနောက်မြောက်ပိုင်းအစွန်တိဘက်ကုန်းပြင်မြင့်နေရာဒေသတွင်ရောက်လာပြီး ခြေချနေထိုင်ကာတိုင်းပြည်ထူထောင်ခဲ့ပါသည်။

ထိုတိဖက်ကုန်းပြင်မြင့်နေရာဒေသတွင်တိုင်းပြည်ထူထောင်နေထိုင်သည့်အခါ မြေနေရာကောင်းပြီးလယ်ယာ၊ တောင်ယာ၊ အိမ်ခြံစိုက်ပျိုးသီးနှံပင်များစိုက်ပျိုးရာတွင်အောင်မြင်ဖြစ်ထွန်းပါသော်လည်း နှစ်(၂၀၀)ကျော်ကာလကြာမြင့်စွာနေထိုင်လာသည့်အခါ တရုတ်တို့၏လိုက်လံတိုက်ထုတ်မှုစစ်ဒဏ်ကိုမခံမရပ်နိုင်ပါသဖြင့် ညီအစ်ကိုနှစ်ဦးဖြစ်သူ ခူဟေးဖဲနှင့်ခူလီးဖဲကဦးဆောင်ပြီး ဒီဒါးလျားကျား(ꤒꤢꤒꤧꤜꤟꤤꤛꤢ꤬ꤊꤛꤢ꤬)ဟုခေါ်သည့်တောင်ဘက်စွန်းသို့ဆင်းသွားရန် ပြည်သူလူထုများကိုလိုက်လံစည်းရုံးခဲ့ပါသည်။ ပြည်သူလူထုလည်းညီအစ်ကိုနှစ်ဦး၏စကားကိုနားထောင်သဘောတူပြီး ခရစ်တော်မပေါ်မီသကက္ကရာဇ်ဘီစီ၁၇၆၄တွင်တဖန်တရုတ်ပြည်အနောက်မြောက်ပိုင်း တိဖက်ကုန်းပြင် မြင့်နေရာဒေသမှထွက်ခွာ၍အရှေ့တောင်ဖက်စူးစူးသို့ဆင်းလာရာ၌ တရုတ်ပြည်မြောက်ပိုင်း သံလွင် မြစ်ဖျားနေရာဒေသတွင်ရောက်ရှိလာပြီးခြေချနေထိုင်ကာ တိုင်းပြည်ကိုထပ်မံတည်ထောင်ရန်ကြိုး စားခဲ့ပါသည်။ သို့သော် နှစ်မကြာမီတွင်တရုတ်တို့၏ထပ်မံလိုက်လံတိုက်ထုတ်မှုစစ်ဒဏ်ကိုခံနေရသဖြင့် ခရစ်တော်မပေါ်မီသကက္ကရာဇ်ဘီစီ၁၇၁၂တွင် သံလွင်မြစ်ဖျားကိုအနောက်ဖက်ချိုးဖြတ်ကူးကာ သံလွင်မြစ်ကမ်းခြေတလျှောက် တောင်ဘက်စူးစူးဆက်လက်ဆင်းသက်လာကြ ရာ၌ ပင်လယ်ကမ်း ခြေသို့ရောက်ရှိသွားပါသည်။

ပင်လယ်ကမ်းခြေနေရာဒေသတွင် နယ်မြေ၊တိုင်းပြည်လိုက်လံရှာဖွေထူထောင်ရာ၌မြေနေရာအဆင်မပြေသဖြင့်လာသည့်လမ်းအတိုင်းပြန်ဆန်တက်လာကါ ကျိုက်ထီးရိုး(လောလိလူး)နေရာဒေသသို့ပြန်ရောက်ရှိပါသည်။ ကျိုက်ထီးရိုး(လောလိလူး)နေရာဒေသတွင်ခြေချနေထိုင်ကာ တိုင်းပြည်တည်ထောင်ပြီး လယ်ယာ၊တောင်ယာ၊အိမ်ခြံစိုက်ပျိုးသီးနှံများလုပ်ကိုင်စားသောက်၍နေထိုင်ခဲ့ကြပါသည်။ ကျိုက်ထီးရိုး(လောလိလူး)နေရာဒေသ၌ နှစ်ပေါင်း(၇၀၀)ကျော်ကာလကြာမြင့်စွာနေထိုင်ခဲ့ပါသည်။ နောက်ပိုင်းလောလိလူးနေရာဒေသတွင် ရာသီဥတုမျှတမှုမရှိဘဲ မိုးကြီးလေကြီးခဏခဏဖြစ်ပေါ်လာ၍ အိမ်၊ခြံ၊လယ်ယာမြေများ ရေလွှမ်းမိုးပြီးပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်သည့်အပြင် လူဦးရေတစ်ဖြေးဖြေးပေါ်များလာပြီး လုပ်ကိုင်စားသောက်ရန်မြေနေရာကျဉ်းလာသဖြင့် ခရစ်တော်မပေါ်မီသကက္ကရာဇ်ဘီစီ၇၃၉တွင် ကယားလီဖုအုပ်စုအဖွဲ့သည် တဖန်ကျိုက်ထိရိုး(လောလိလူး)နေရာဒေသမှထွက်ခွာပြီး အရှေ့မြောက်ဘက်သို့ဆက်လက်တက်သွားကာ ဒီးမောဆိုမြေပြန့်ယခုကရင်နီပြည်တွင်ရောက်ရှိလာ၍တိုင်းပြည်ကိုထူထောင်နေထိုင်ခဲ့ကြသည်။ ထိုအချိန်တွင် ဒီးမောဆိုမြေပြန့်သည်ကရင်နီပြည်ဟုခေါ်ထွင်ခြင်းမရှိခဲ့သေးပေ။ ဒီးမောဆိုပြည်ဟုသာခေါ်ခဲ့သေးပါသည်။

## (၂)ကရင်နီလူမျိုးတို့၏မူလယုံကြည်ကိုးကွယ်မှု

ကရင်နီလူမျိုးတို့ဒီးမောဆိုပြည်တွင်စတင်ခြေချတိုင်းပြည်ထူထောင်ချိန်တွင် ၄င်းနေရာဒေသသည် မည်သူတစ်ဦးတစ်ယောက်မျှမရှိသေးပေ။ မည်သည့်လူမျိုးတစ်မျိုးမှအရင်ခြေချနေထိုင်ခြင်းမရှိသေးပေ။ ထိုအချိန်တွင် ကရင်နီလူမျိုးတို့၏မူလယုံကြည်ကိုးကွယ်မှုမှာ တောတောင်စောင့်နတ်ကိုယုံကြည်သည့်ကေးဖုလူမျိုးစုနှင့် ဖန်ဆင်းရှင်ဘုရားမခေါ်ဖြေးသူးလုမိုးကိုယုံကြည်သည့် အီလူးလူမျိုးစုဟူ၍လူမျိုးစုနှစ်မျိုးဘဲရှိပါသေးသည်။ အခြားဘာသာများဖြစ်ကြသည့် ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာတို့တစ်ဖွဲ့မှမဝင်လာ သေး၊ မရှိသေးပေ။

------ခုနှစ်တွင်ခရစ်ယာန်ဘာသာများဖြစ်သည့် ကက်သလစ်ဘာသာ၊ နှစ်ခြင်းဘာသာဝင်လာပြီး၊ ------ခုနှစ်တွင်ဗုဒ္ဓဘာသာဝင်လာပါသည်။ လက်ရှိကရင်နီပြည် ကရင်နီလူမျိုးတို့၏ယုံကြည်ကိုးကွယ်မှုမှာ တောတောင်စောင့်နတ်ကိုယုံကြည်ကိုး ကွယ်သူ(၁၆)%၊ ဖန်ဆင်းရှင်ဘုရားမခေါ်(ဖြေးသူးလုမိုး)ကိုယုံကြည်ကိုးကွယ်သူ(၂၃)%၊ ကက်သလစ်ဘာသာ မယ်တော်ဘုရားကိုယုံကြည်သူ(၂၇)% ၊ နှစ်ခြင်းဘာသာယေရှုဘုရားကိုယုံ ကြည်ကိုးကွယ်သူ (၁၈)% ၊ ဗုဒ္ဓဘာသာသိကြားမင်းဘုရားကိုယုံကြည်ကိုးကွယ်သူ (၁၅)% နှင့် အခြားယုံ–ကည်ကိုးကွယ်သူ ( ၁ )% ရှိပါသည်။

တစ်ချို့သောတိုင်းပြည်မှာဘာသာတစ်ခုတည်းကိုဦးစားပေးပြီး နိုင်ငံတော်ဘာသာဟုသတ်မှတ်–ကသည်။ ကရင်နီပြည်မှာမည်သည့်ဘာသည်တစ်ခုတည်းကိုဦးစားမပေး၊ ဘာသာအားလုံးကိုအခွင့်အရေးတန်းတူပေးသည်။

## (၃)ကရင်နီလူမျိုးတို့၏မျိုးနွယ်စု

ကရင်နီလူမျိုးတို့၏လူမျိုးစုများမှာ ဒီးမောဆိုပြည်ထူထောင်ပြီးချိန်တွင် ဇယ်ရယ်(ထူထို့)လူမျိုးစု၊ သိုးမိုး(ထူလွီး)လူမျိုးစု၊ ကျောသဲကျေ(ပရားသရက်)လူမျိုးစု ဟူ၍လူမျိုးစုသုံးစုဘဲရှိပါသေးသည်။

ဒီးမောဆိုပြည်တွင် ကာလကြာမြင့်စွာနေထိုင်လာသည့်အခါ လူဦးရေတဖြေးဖြေးများလာ၍တစ်နေရာတည်းစုနေထိုင်လို့မဖြစ်ပါဟုဆိုပြီး လူအုပ်စု(၄)စုခွဲကာ တိုင်းပြည်၏ရှေ့နောက်တောင်မြောက်ကိုသွားရောက်နေထိုင်စောင့်ထိန်းခိုင်းသည်။ အောက်ပိုင်းမြေပြန့်ချောင်းဝမှာ သွားနေထိုင်သည့်အုပ်စုကို ချောင်းဝအမည်ဖြင့်ကရင်နီလို လျားကြားအဖွဲ့ဟူ၍၄င်း၊ အပေါ်ပိုင်းချောင်းဖျားဖက်တွင်သွားနေထိုင်သည့်အုပ်စုကို ချောင်းဖျားအမည်ဖြင့်ကရင်နီလို လျားခေးအဖွဲ့ဟူ၍၄င်း၊ အနောက်ဖက်တွင်သွားနေထိုင်သည့်အုပ်စုကို အနောက်ဖက်အမည်ဖြင့်ကရင်နီလို ပနိုးအဖွဲ့ဟူ၍၄င်း၊ အရှေ့ဖက်နယ်စပ်ကိုသွားရောက်စောင့်ထိန်းအုပ်ချုပ်နေထိုင်သည့်အုပ်စုကို နယ်စပ်အုပ်ချုပ်ရေးအမည်ဖြင့်ပိုးကူးအဖွဲ့ ဟူ၍၄င်းစသည်ဖြင့်အုပ်စု(၄)စု၏အမည်ကိုအသီးသီးမှည့်ခေါ် လာပါသည်။ နောက်ပိုင်းမှ အခြားမျိုးနွယ်စုငယ်များထပ်မံပေါ်ပေါက်လာပါသည်။ လက်ရှိကရင်နီပြည်တွင်းတွင်နေထိုင်သည့်မျိုးနွယ်စုများမှာ ကြယား၊ ကယန်း၊ ကယော၊ ပကူး၊ ယင်းဘော်ယင်း တလဲ၊ ကေခိုကေဘား၊ မနူးမနော၊ ရှမ်း၊ ပအို့ တို့ဖြစ်ပါသည်။

## (၄)ဒီးမောဆိုပြည်၏မြေပုံအကျယ်အဝန်းနှင့်တည်နေရာ

ဒီးမောဆိုပြည်ကိုစတင်တည်ထောင်ချိန်၏မြေပုံမှာ– လက်ရှိကရင်နီပြည်(ကယားပြည်)၏မြေပုံအကျယ်အဝန်းအတိုင်းမဟုတ်ပါ။ အရှေ့ဖက်တွင် ယခုထိုင်းနိုင်ငံချေးမိုင်မြို့အရှေ့––––––တောင်တန်းရှည်အထိ၊ အနောက်ဖက်တွင်ယခုတောင်ငူ၊ ပခူး–––––––––တောင်တန်းရှည်အထိ၊ တောင်ဖက်တွင်–––––––တောင်အထိ၊ မြောက်ဖက်တွင်မိုးဗြဲနယ်လွိုင်လင်တောင်တန်းရှည်အထိ ဖြစ်ပါသည်။

## (၄)ကန္တာရဝတီ(ဒွေးမယ်နော်)ဒီးမောဆိုပြည်ကိုအုပ်ချုပ်ခြင်း

ဒီးမောဆိုနေရာဒေသတွင်တိုင်းပြည်ထူထောင်နေထိုင်ခဲ့ရာ ဘုရင်မင်းမှ ကန္တာရဝတီ တွင်းမယ်နော်အမည်တွင်သောတန်ခိုးရှင်နတ်သမီးကိုမွေးဖွားလာရပါသဖြင့် ဒွေးမယ်နော်နတ်သမီး ကိုအကြောင်းပြုကာ ဒီးမောဆိုပြည်ကို ဒွေးမယ်နော်ငွေတောင်ပြည်(ကန္တာရဝတီကေးဒီးမောဆို)ဟု ခေါ်ခဲ့ကြသည်။ ကန္တာရဝတီ(ဒွေးမယ်နော်)၏မွေးရပ်ဇာတိမြေမှာ ကန်ခုနှစ်ဆင့်ကျေးရွာဖြစ်ပါသည်။ ကန္တာရဝတီ(ဒွေးမယ်နော်)၏ရေကန်မှာ ယခုကန်ခုဆင့်၏အပေါ်ဆုံးရေနီကန်ဖြစ်ပါသည်။ ၄င်းရေနီ ကန်ကိုယခုထိထျေးကန္တာရဝတီ(တွင်းမယ်နော်ရေကန်)ဟုခေါ်ပါသည်။ ဒွေးမယ်နော်ငွေတောင်ပြည် (ကန္တာရဝတီကေးဒီးမောဆို)ကိုစတင်တည်ထောင်သည့်အချိန်မှာ ခရစ်တော်မပေါ်မီသကက္ကရာဇ် ဘီစီ (၇၃၉)ဖြစ်ပါသည်။ ကန္တာရဝတီ(ဒွေးမယ်နော်)အရွယ်ရောက်လာသည့်အခါအလွန် ချောမော လှပပြီး ဘုန်းတန်ခိုးရှိ(မှကျူမို့)သောအမျိုးသမီးတစ်ယောက်ဖြစ်သည့်အတွက် ဘုရင်မင်းမှ ဒွေးမယ် နော်ငွေတောင်ပြည်(ကန္တာရဝတီကေးဒီးမောဆို)ကိုအုပ်ချုပ်ရန်တာဝန်ပေးအပ်ခဲ့သည်။

ကန္တာရဝတီ(ဒွေးမယ်နော်)တိုင်းပြည်စတင်အုပ်ချုပ်ချိန်မှာ ကယားလီဖုအုပ်စုတစ်စုဘဲရှိပါ သေးသည်။ ကျိုက်ထီးရိုး(လောလိလူး)နေရာတွင်ကျန်နေသောအုပ်စုမှာ လျားချေး၊ ပရဖု၊ တလျား၊ ပကူး၊ ဖျအုဖုတို့ဖြစ်ပါသည်။ ကန္တာရဝတီဒီးမောဆိုကေးခေါ်(ငွေတောင်ပြည်)ကိုအုပ်ချုပ်ချိန်တွင် တိုင်းပြည်မှာအလွန်သာယာဝပြောသည်။ ထို့ကြောင့် လောလိလူးနေရာတွင်ကျန်နေသော အုပ်စု များဖြစ်သည့် လျားချေး၊ ပရဖု၊ တလျား၊ ပကူးတို့လိုက်တက်လာကြသည်။ နောက်ဆုံးဖျအုဖုခေါ် (ပအို့)အနွယ်ဝင်လိုက်တက်လာခဲ့သည်။ သို့သော် ဒီးမောဆိုမြေပြန့်တစ်ဝိုက်တွင်နေရာမရှိတော့ သဖြင့် ဖျအုဖုအုပ်စုမှာယခုရှမ်းပြည်သို့သွားရောက်ခြေချနေထိုင်ခဲ့ကြသည်။ ကရင်နီအနွယ်နှင့် နောက်မှလိုက်တက်လာသောအနွယ်အုပ်စုတို့သည် ဒီးမောဆိုမြေပြန့်နှင့်၄င်းအနီးအနားတစ်ဝိုက် တွင်အေးချမ်းစွာအတူနေထိုင်ကြပြီးတွင်းမယ်နော်ကန္တာရဝတီ၏အုပ်ချုပ်မှုကိုခံယူကြသည်။

## (၅)သျှာထူးဖဲကန္တာရဝတီကေး(ဒီးမောဆိုပြည်)ကိုအုပ်ချုပ်ခြင်း

ထိုအချိန်တွင် ဒီးမောဆိုကေးခေါ်ငွေတောင်ပြည်ရှိ နို့ကိုးဒေသတွင် သျှားထူးဖဲခေါ်သော ပုဂ္ဂိုလ်တစ်ယောက်ရှိလေသည်။ သျှာထူးဖဲသည်မွေးပြီးချင်း၄င်း၏မိခင်မှာ သေဆုံးသွားခဲ့သည်။ ၄င်းနောက်ဖခင်လည်းသေဆုံးသွားပြန်သည်။ ထို့ကြောင့် ၄င်း၏အဖွားသည်သျှာထူးဖဲအားလူလား မြောက်အောင်ပြုစုမွေးမြူလာခဲ့သည်။ သျှားထူးဖဲသည်အရွယ်ရောက်လာသောအခါကျန်းမာသန် စွမ်း ပြီးရဲစွမ်းသတတ္တိနှင့်ပြည့်စုံကာစိတ်သဘောထားရိုးသားဖြောင့်မတ်ဖြူစင်သည်။ ထို့ကြောင့် ကန္တာရဝတီခေါ်နတ်သမီးခုနှစ်ဖော်သည် သျှားထူးဖဲကိုဓါးစကြာတစ်လက်ပေးအပ်ပြီး မိမိတို့၏ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ပေးအပ်ခဲ့သည်။

## (၆)ယွန်းပဒေသရာဇ်လူမျိုး ဒွေးမယ်နော်ငွေတောင်ပြည်(ကနျားမော်ကေးဒီးမောဆို)ကို ဝင်ရောက်သိမ်းပိုက်ပြီး နှစ်(၁၀၀)ခန့်၌ပြည်သူလူထုများကိုကျွန်သဖွယ်ဖိနှိပ်အုပ်ချုပ်ခြင်း၊

ခရစ်တော်မပေါ်မီ ဘီစီ( )တွင် အပေါ်ဖက်ပိုင်းမှယွန်းပဒေသရာဇ် လူမျိုးတစု သည် တရုတ်ကိုစစ်ရှုံး၍ တစ်နေရာပြီးတစ်နေရာတိုးဝင်တိုက်ခိုက်လာခဲ့ရာ ရှမ်းပြည်ကိုသိမ်းပိုက်ရရှိပြီး နှစ်များမကြာမီဒွေးမယ်နော်ငွေတောင်ပြည်ကိုလာရောက်တိုက်ခိုက်ခဲ့ကြသည်။ သို့သော်သျှားထူးဖဲ၏ခုခံမှုကြောင့်သိမ်းပိုက်၍မရခဲ့ပေ။ ယွန်းလူမျိုးတိုသည်ဇွဲမလျှော့ဘဲ ဒွေးမယ်နော်ငွေတော်ပြည်ကို ဆက်လက်တိုက်ခိုက်လာခဲ့ကြသည်။ သျှားထူးဖဲ၏ခုခံမှုကြောင့် ဒွေးမယ်နော်ငွေတောင်ပြည်ကို မသိမ်းပိုက်နိုင်ဘဲရှိခဲ့သည်။ ယွန်းလူမျိုးတို့သည်အင်အားကြီးသော်လည်း ဒွေးမယ်နော်ငွေတောင်ပြည်ကိုမသိမ်းပိုက်နိုင်ခဲ့ပေ။ ဤသို့မသိမ်းပိုက်နိုင်ရခြင်းအကြောင်းမှာသျှားထူးဖဲ၏ဓါးစကြာကြောင့်ဖြစ်သည်ကိုယွန်းလူမျိုးတို့သိရှိလာခဲ့သည်။ ဤကဲ့သို့ တဘက်နှင့်တဘက်တိုက်ခိုက်ရင်းနောက်ဆုံးတွင်ယွန်းတို့သည်သျှားထူးဖဲ၏လူယုံတော်ကိုစစ်မြေပြင်တွင်ဖမ်းမိခဲ့သည်။ ယွန်းတို့သည်သျှားထူးဖဲ၏လူယုံတော်အား သျှာထူးဖဲ၏ဓါးစကြာကိုမည်သည့်အရာနှင့်အစာကျွေးသနည်းဟု ညှင်းဆဲစစ်ဆေးမေးမြန်းရာလူယုံတော်လည်းမခံနိုင်တော့သည့်အဆုံးတွင် ဓါးစကြာကိုကြက်ဖြူဖြင့်အစာကျွေးသည်ဟုပြောပြလိုက်သည်။ ထို့နောက်ယွန်းတို့သည်၄င်းလူယုံတော်ကိုခေါ်ကာ ညအချိန်တွင်သျှားထူးဖဲအိပ်သောအိမ်သို့ချည်းကပ်ပြီး ဓါးစကြာကိုကြက်ဖြူဖြင့်လှမ်း၍အစာကျွေးကြသည်။ ထို့နောက်ယွန်းတို့သည်သျှားထူးဖဲတို့ကိုဝင်တိုက်ခိုက်အောင်မြင်၍ ဒွေးမယ်နော်ငွေတော်ပြည်တပြည်လုံးကိုသိမ်းပိုက်နိုင်ခဲ့သည်။ ယွန်းပဒေသရာဇ်လူမျိုးသည် ကရင်နီပြည်ကိုသိမ်းပိုက်ရ၍ ကရင်နီပြည်သားများကိုနှစ်(၁၀၀)ခန့်ကျွန်သဖွယ်ဖိနှိပ်အုပ်ချုပ်ပြီး ကရင်နီပြည်သားများကို လမ်းဖောက်ခြင်း၊ လယ်လုပ်ခြင်း၊ အုပ်စေတီတည်ခြင်းများကိုကျွန်သဖွယ်အစွမ်းခိုင်းစေခဲ့ကြသည်။

## (၇)ယွန်းပဒေသရာဇ်လူမျိုးကိုတော်လှန်တိုက်ထုတ်နိုင်ခြင်း

ကရင်နီလူမျိုးများသည်ယွန်းပဒေသရာဇ်လူမျိုးလက်အောက်မှ နှစ်(၁၀၀)ခန်ကြာအောင်နေထိုင်လာသည့်အခါကျွန်ဘဝမှမခံမရပ်နိုင်တော့သဖြင့် ခူးဟယ်ရယ်ဆိုသူက ကရင်နီ၊ ပရဲ၊ ပဒေါင်စသည့်ညီအစ်ကိုသုံးစုကိုစည်းရုံးဦးဆောင်ကာ ယွန်းပဒေသရာဇ်လူမျိုးကိုအောင်မြင်စွာ တော်လှန်တိုက်ထုတ်နိုင်ခဲ့ပါသည်။ ယွန်းပဒေသရာဇ်လူမျိုးကိုအောင်မြင်စွာ တော်လှန်တိုက်ထုတ်နိုင်ခြင်းမှာခူးဟယ်ရယ်သည် ဖိုးဒီးခရီကိုပြုလုပ်ပြီးအသက်သွင်းကာ ယွန်းပဒေသရာဇ်မင်းနှင့်ပို့ဆောင်ကာယွန်းပဒေသရာဇ်မင်းဝမ်းလျှော့သေခြင်း၊ ဒီးကူကို ကရင်နီ၊ ပရဲ၊ ပဒေါင် စသည့်ညီအစ်ကိုသုံးစုတို့၏စစ်ရှိအဖြစ်ထုပ်ပြီးစည်းလုံးညီညွတ်မှုပြသနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ယွန်းပဒေသရာဇ်လူမျိုးကိုအောင်မြင်စွာတော်လှန်တိုက်ထုတ်နိုင်ပြီးချိန်မှစ၍ ကရင်နီပြည်ကို ဒွေးမယ်နော်ငွေတောင် ပြည်(ကနျားမော်ကေးဒီးမောဆို)မခေါ်တော့ဘဲ ကရင်နီပြည်ဟုစတင်ပြောင်းလဲခေါ်ဝေါ်သုံးစွဲလာခဲ့သည်။ ထိုအချိန်မှစ၍ကရင်နီပြည်သည် အများလူထုဆန္ဒဖြင့် ကိုယ့်မင်း၊ ကိုယ့်စောဖျာ၊ ကိုယ့်စော်ဘွားရွေးချယ်ပြီးတိုင်းပြည်ကိုတဆက်ပြီးတဆက်အုပ်ချုပ်လာခဲ့ပါသည်။

**(၈)ဖိုးဘျားဒကရင်နီပြည်ကိုအုပ်ချုပ်ခြင်း**

ကရင်နီပြည်ပထမဆုံးမင်းဖိုးဘျားဒတိုင်းပြည်ကိုအုပ်ချုပ်သည့်အချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း (၁၇၀၀)ဝန်းကျင်ခန့်ဖြစ်ပါသည်။ ဖိုးဘျားဒ၏နေရပ်ဇာတိမှာ ကရင်နီပြည်၏အောက်ပိုင်းဒေသ၊ လောကျေခူကျေးရွာတွင်နေထိုင်ပါသည်။ အချိန်ကာလကြာလာသည့်အခါတဘောတခဲလျားသို့ ပြောင်းရွှေ့နေထိုင်ပြီးရပ်ရွာတည်ထောင်ပါသည်။ တဘောတခဲလျားဟာ ယခုဘောလခဲမြို့ဖြစ်ပါသည်။ ဖိုးဘျားဒဟာသာမန်လူတစ်ယောက်လိုမဟုတ်၊ ပရယ်ပရိုပရယ်ပရားတစ်ဦးဖြစ်၍သာမန်လူလိုစားသောက်ခြင်းမရှိဘဲ သစ်ဥ၊သစ်ဖု၊သစ်သီးဝါလံများကိုသာစားသောက်သုံးဆောင်ပါသည်။

**(၉)ဖိုးဘျားဒလက်ထဲကရင်နီပြည်ကို နယ်(၇)နယ်မှ(၅)နယ်၊ နယ်(၅)နယ်မှ(၃)နယ်ဖြစ်လာခြင်း**

နယ်(၇)နယ်အမည်–(၁)ဘောလခဲနယ်
(၂)ကြယ်ဖိုးကြီးနယ်
(၃)ကန္တတ္တာရဝတီနယ်
(၄)နောင်ပုလဲနယ်
(၅)နန်းမယ်ခုံနယ်
(၆)မိုးဗြဲနယ်
(၇)အလယ်ချောင်းနယ်

နယ်(၅)နယ်အမည်–(၁)ဘောလခဲနယ်
(၂)ကြယ်ဖိုးကြီးနယ်
(၃)ကန္တတ္တာရဝတီနယ်
(၄)နောင်ပုလဲနယ်
(၅)နန်းမယ်ခုံနယ်

နယ်(၃)နယ်အမည်–(၁)ဘောလခဲနယ်
(၂)ကြယ်ဖိုးကြီးနယ်
(၃)ကန္တတ္တာရဝတီနယ်

**(၁၀)အနောက်ကရင်နီကြယ်ဖိုးကြီးနယ်နှင့်မင်းအဆက်ဆက်(၁၇၅၀ မှ ၁၉၆၀ အထိ)**

အနောက်ကရင်နီကြယ်ဖိုးကြီးနယ်တွင်ပါဝင်သောအုပ်ချုပ်ရေးနယ်မြေခွဲအသီးသီးများမှာ– မြို့မတိုက်(ကေးလျားကေး)အုပ်ချုပ်ရေးနယ်မြေ၊ နို့ပလာတိုက်(နောင်ပလဲ)အုပ်ချုပ်ရေးနယ်မြေ၊ နာမခုတိုက်(နန်းမယ်ခုံ)အုပ်ချုပ်ရေးနယ်မြေ၊ မိုဆိုတိုက်အုပ်ချုပ်ရေးနယ်မြေ၊ ဒိုလာစောတိုက်အုပ်ချုပ်ရေးနယ်မြေ၊ တောင်ခူတိုက်အုပ်ချုပ်ရေးနယ်မြေ၊ ဟိုယာတိုက်အုပ်ချုပ်ရေးနယ်မြေ၊ ကေကောတိုက်အုပ်ချုပ်ရေးနယ်မြေ၊ ဝေဝေါပိုတိုက်အုပ်ချုပ်ရေးနယ်မြေ၊ဘောကလိတိုက်အုပ်ချုပ်ရေးနယ်မြေ၊ သံတောင်တိုက်အုပ်ချုပ်ရေးနယ်မြေ၊ ယာဒိုတိုက်လောဒူလဲအုပ်ချုပ်ရေးနယ်မြေတို့ဖြစ်ပါသည်။ ၄င်းနယ်မြေများသည် ပွန်ချောင်းအနောက်ဖက်ကမ်းတစ်လျှောက် တဆက်တစပ်တည်ရှိနေသည့် ကရင်နီလူမျိုး၊ ရွာများအားလုံးပါဝင်သည့်နယ်မြေဖြစ်သည်။ အနောက်ကရင်နီကြယ်ဖိုးကြီးနယ်၏ မင်းအဆက်ဆက်များမှာ– ရှားရယ်ကေးဖိုးဒူ၊ခွီးတီဖဲ၊ခွီးသျှားဖဲ၊ခွီအူးရယ်၊ခွီးဆော်ရယ်၊ခွီးဗျားရယ်၊ ခွီးဆူရယ်၊ခွီးကြားရယ်စောရွှေ၊ခွီးအုဖဲတို့ဖြစ်ပါသည်။

## (၁၁)ကေးဖိုးဒူအုပ်ချုပ်ခြင်း

ကေးဖိုးဒူတိုင်းပြည်ကိုအုပ်ချုပ်သည့်အချိန်မှာ–၁၇၆၀ခုနှစ်မှ၁၈၂၀ခုနှစ်အထိဖြစ်ပါသည်။ ကေးဖိုးဒူ၏နေရပ်ဇာတိမှာ ကရင်နီပြည်အောက်ပိုင်းဒေသ၊ ကေးလျားမြို့နယ်၊ ကေးလျားကျေးရွာဖြစ်ပါသည်။ ကေးဖိုးဒူမှာငယ်ငယ်ကတည်းကသူ့အဖေဆုံးသွားပြီး အမေနှင့်တစ်ဦးတည်းဆင်းရဲစွာ နေထိုင်ကြီးပြင်းလာသူဖြစ်ပါသည်။ ကေးဖိုးဒူအသက်(၁၃)နှစ်ရှိသည့်အချိန်တွင် နွားကျောင်းသမားတစ်ဦးဖြစ်ပြီး ဌက်ပစ်၊ ဌက်ဖမ်းဝါသနာရှိသည့်ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါသည်။ အသက်(၁၆)နှစ်အရွယ်တွင် သူ့အဖေအသစ်တစ်ဦးကသူ့ကိုမကြည်လို့ အိမ်ကနှင်ထုတ်၊ မောင်းထုတ်သည့်အခါတောထဲဂူထဲတစ်နေရာတွင်သုံးနှစ်ကြာအောင်သွားနေပြီး ထမင်းမစားဘဲ ပိန်းဥ၊ပြောင်းဖူး၊သစ်သီးဝါလာများကိုရှာခူးစား၊ ကျောက်ဂူထဲထွက်သည့်ရေစိမ်းကိုခပ်သောက်ခဲ့ပါသည်။ ကေးဖိုးဒူမှာဒုက္ခဆင်းရဲသည့်ဒဏ်အမျိုးမျိုးခံပြီး ဂူထဲနေသည့်အချိန်တွင် ကနျားမော်(နတ်သမီး)သူ့ဆီလာပြီး ကနျားမော်(နတ်သမီး)၏စကားကိုခုနှစ်ရက်တိတိနားထောင်ပြီး ကနျားမော်(နတ်သမီး)ပေးသည့် ကတိကိုခံယူခဲ့ပါသည်။

ကေးဖိုဒူကေးလျားရွာကိုပြန်လာသည့်အချိန်တွင်ဘုန်းတန်ခိုးထင်ရှားလာ၍ ရွာသူရွာသားပြည်သူလူထုမှ သူ့ကိုမင်းအဖြစ်တင်မြှောက်ပြီး တိုင်းပြည်ကိုအုပ်ချုပ်ခဲ့လေသည်။ ထင်ရှားသောကေးဖိုးဒူဘုန်းတန်ခိုးများမှာ–သေးခူအောက်မဝင်ခြင်း၊ ငိုးလယ်တဒယ်အောက်မဝင်ခြင်း၊ မိမိလက်ကိုင်ပါဝါတဘက်ကိုစီးပြီးပွန်ချောင်းရေပေါ်တွင်သွားခြင်း၊ မိမိလက်ကိုင်ပါဝါတဘက်ကိုပွန်ချောင်းရေထဲပစ်ချပြီးဗျိုင်းဖြူတစ်ကောင်ဖြစ်လာခြင်း၊ တံခွန်တိုင်ထိပ်ရှိကျောက်စိမ်းကိုတက်ယူချပေးနိုင်ခြင်း၊ ထမင်းဟင်းမစားဘဲပိန်းဥ၊ ပြောင်းဖူး၊ သစ်သီးဝါလာများစားခြင်း၊ ကျောက်ဂူထဲရေစိမ်းသောက်ခြင်းနှင့် ဌက်စကားပြောသံနားလည်ခြင်းတို့ဖြစ်ပါသည်။

ကေးဖိုးဒူမင်းမြှောက်ပြီး(၂)နှစ်အချိန်ကာလတွင် မော်ခရော်ရှေ့ကျေးရွာတွင် နေထိုင်သည့်အမျိုးသမီးရှေးမိုးနှင့်လက်ထပ်ယူပြီး သားသမီး(၅)ဦးရရှိပါသည်။ သားသမီးများ၏အမည်များမှာ–လှယော်ကေးဖိုး၊ တီဖဲကေးဖိုး၊ သျှားဖဲကေးဖိုး၊ လီးမာကေးဖိုး နှင့် ဘျားမာကေးဖိုးတို့ဖြစ်ပါသည်။

ကေးဖိုးဒူတိုင်းပြည်ကိုအုပ်ချုပ်ချိန်ခါကာလတွင် ဗမာပြည်နှင့်နယ်စပ်ဖြစ်နေသည့်အတွက် ဗမာဘုရင်နှင့်ရင်းနှီးသိကျွမ်းခဲ့ပြီး ဗမာဘုရင်အကြောင်းကိုလည်းနားလည်သိရှိထားသူဖြစ်ပါသည်။ ၁၈၁၁ခုနှစ်တွင် ဗမာဘုရင်က သူ့တစ်ပည့်ရမည်းသင်းဝန်ကို ကေးဖိုးဒူနှင့်ကျောက်စိမ်းအရောင်းအဝယ်ပြုလုပ်ကာ ကျောက်စိမ်းအတုအစစ်ကိစ္စပြသနာနှင့် ၁၈၁၉ခုနှစ်တွင်ကရင်နီနှင့်ဗမာပထမစစ်ပွဲစတင်ပေါ်ပေါက်လာပါတော့သည်။

## (၁၂)အရှေ့ကရင်နီကန္တာရဝတီနယ်နှင့်မင်းအဆက်ဆက်(၁၇၇၅ခုနှစ်မှ၁၉၆၂ခုနှစ်အထိ)

ဘိုးဖိုးဒူအရှေ့ကရင်နီကိုအုပ်ချုပ်သည့်အချိန်မှာ ၁၈၀၀ခုနှစ်မှ၁၈၅၅ခုနှစ်အထိ ဖြစ်ပါသည်။ ဘိုးဖိုးဒူ၏နေရပ်ဇာတိမှာ ကရင်နီပြည်အရှေ့ပိုင်းဒေသ၊ ပွန်ချောင်းအရှေ့ဘက်ကမ်း တာလွှင်ရွာတွင်ဖြစ်ပါသည်။

## (၁၁)နယ်သုံးနယ်အုပ်ချုပ်သူမင်းအဆက်ဆက်

**ဘောလခဲနယ်**–(၁)ဖိုးဘျားဒ (၂)ဆောင်ရီးဒူ (၃)စပ်စံဆောင် (၄)ဖိုးဘျားဒူ (၅)စပ်ခွန်ငယ် (၆)စပ်ငယ်ဒူ တို့ဖြစ်ပါသည်။

**ကြယ်ဖိုးကြီးနယ်**–(၁)ကေးဖိုးဒူ (၂)ခူတီနှင့်ခူသျှား (၃)အူးရယ် (၄)ဆောင်ရယ် (၅)ဖျားရယ် (၆)ဆူရယ် (၇)ကြားရယ်(စောရွှေ) (၈)ဦးဖဲ တို့ဖြစ်ပါသည်။

**ကန္တာရဝတီနယ်**–(၁)ဘိုးဖိုးဒူ (၂)ဘိုးဖိုးဖု (၃)စောဖျာတင် (၄)လီးဖဲ(စပ်လှဖော်) (၅)ဝီပဲ (စပ်လဝီ) (၆)စပ်ခွန်နန့် (၇)လီးဖဲ (၈)စပ်ဇီဏ္ဏ (၉)စပ်ဝဏ္ဏ တို့ဖြစ်ပါသည်။

**ဗမာပြည်မအစိုးရနှင့်ပူးပေါင်းသည့်အဖွဲ့**

(၁)စပ်ဝဏ္ဏ – ကန္တရဝတီစော်ဘွား
(၂)ဦးစိန် – ကုန်သည်
(၃)စပ်ငယ်ဒူး – ဘောလခဲစော်ဘွား
(၄)သိုင်းဘဟန် – မိုးဗြဲစော်ဘွား
(၅)ဦးအေမြလေး – ကြယ်ဖိုးကြီစော်ဘွားစာရင်း

**ဗမာပြည်မအစိုးရနှင့်မပူးပေါင်းဘဲသီးခြားလွတ်လပ်သည့်ကရင်နီပြည်ကိုဆက်လက်ကာကွယ်ထိန်းသိမ်းသည့်အဖွဲ့**

(၁)ဦးဘီတူရီ – ဘောလခဲနယ်စော်ဘွား
(၂)စောရွှေ – ကြယ်ဖိုးကြီးနယ်စော်ဘွား
(၃)စောဝေလာ – စပ်ဝဏ္ဏ၏ညီ
(၄)စောဖောလူး – မိုးဗြဲနယ်

**၁၉၄၈ခုနှစ်တွင်သီးခြားလွတ်လပ်သည့်ကရင်နီပြည်ပါတီဖွဲ့စည်း**

(၁)စောရွှေ – ဥက္ကဌ
(၂)ဘစိန်ညွှန် – အတွင်းရေးမှူး
(၃)စောဝေလာ – ပါတီဝင်
(၄)ဦးရတ်ရယ် – ပါတီဝင်
(၅)ဗိုလ်သာလူ – ပါတီဝင်
(၆)စောဝီလဆင် – ပါတီဝင်
(၇)စောလှဦး – ပါတီဝင်

**၁၉၅၇ခုနှစ်၊ဧပြီလတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)ဖွဲ့စည်း**

(၁)ထောပလို – ဥက္ကဌ
(၂)ဘစိန်ညွှန် – အတွင်းရေးမှူး
(၃)လှဦး – ပါတီဝင်
(၄)ကျော်နိုင် – ပါတီဝင်
(၅)မော်ရော် – ပါတီဝင်
(၆)တာအယ်ဖိုး – ပါတီဝင်
(၇)ဗိုလ်စံခ – ပါတီဝင်
(၈)ဆရာပလားဆေး – အကြံပေး

## (၁၂)ကရင်နီလူမျိုးတို့၏ယုံကြည်ကိုးကွယ်မှု နှင့်ရိုးရာဓလေ့ထုံးစံ

ကရင်နီလူမျိုးတို့သည် ဒီးမောဆိုနေရာဒေသတွင်စတင်ခြေချတိုင်းပြည်ထူထောင်ချိန်တွင် တောတောင်စောင့်နတ်ကိုယုံကြည်သူ ကေးဖုလူမျိုးစုနှင့် ဘုရားမခေါ်(ဖြေးသူးလုမိုး)ကိုယုံကြည်သူ အီလူးလူမျိုးစု ဟူ၍လူမျိုးနှစ်မျိုးဘဲရှိပါသေးသည်။ ထိုအချိန်တွင် ဘာသာရေးအသင်းအဖွဲ့များဖြစ်တဲ့ခရစ်ယာန်ဘာသာ၊ဗုဒ္ဓဘာသာတို့တစ်ဖွဲ့မှမဝင်လာ၊ မရှိသေးပေ။ −−−−−ခုနှစ်တွင် ခရစ်ယာန်ဘာသာများဖြစ်တဲ့ကက်သလစ်ဘာသာနှင့်နှစ်ခြင်းဘာသာဝင်လာပြီး၊−−−−ခုနှစ်တွင်ဗုဒ္ဓဘာသာဝင်လာပါသည်။ လက်ရှိကရင်နီပြည်ကရင်နီလူမျိုးတို့၏ယုံကြည်ကိုးကွယ်မှုမှာ−တောတောင်စောင့်နတ်ကိုယုံကြည်ကိုးကွယ်သူ(၁၆)ဏ၊ ဘုရားမခေါ်(ဖြေးသူးလုမိုး)ကိုယုံကြည်ကိုးကွယ်သူ(၂၃)ဏ၊ ကက်သလစ်ဘာသာမယ်တော်ဘုရားကိုယုံကြည်သူ(၂၇)ဏ၊ နှစ်ခြင်းဘာသာယေရှုးဘုရားကိုယုံကြည်ကိုးကွယ်သူ(၁၈)ဏ၊ ဗုဒ္ဓဘာသာသိကြားမင်းဘုရားကိုယုံကြည်ကိုးကွယ်သူ(၁၅)ဏနှင့်အခြားယုံ−ကည်ကိုးကွယ်သူ( ၁ )ဏရှိပါသည်။

## (၁၃)ကရင်နီမျိုးနွယ်စုများပေါ်ပေါက်လာပုံ

ကရင်နီလူမျိုးတို့သည် ဒွေးမယ်နော်ငွေတောင်ပြည်(ကနျားမော်ကေးဒီးမောဆိုပြည်)တွင်ကာလကြာမြင့်စွာနေထိုင်လာသည့်အခါ လူဦးရေတဖြေးဖြေးများလာ၍ တစ်နေရာတည်းစုနေထိုင်လို့မဖြစ်ပါဟုဆိုပြီး လူအုပ်စု(၄)စုခွဲကာ တိုင်းပြည်၏ရှေ့နောတောင်မြောက်ကိုသွားရောက်နေထိုင်စောင့်ထိန်းခိုင်းသည်။ အောက်ပိုင်းမြေပြန့်ချောင်းဝမှာသွားနေထိုင်သည့်အုပ်စုကို ချောင်းဝအမည်ဖြင့်ကရင်နီလို လျားကြားအဖွဲ့ဟူ၍၄င်း၊ အပေါ်ပိုင်းချောင်းဖျားဖက်တွင်သွားနေထိုင်သည့်အုပ်စုကို ချောင်းဖျားအမည်ဖြင့်ကရင်နီလို လျားခေးအဖွဲ့ဟူ၍၄င်း၊ အနောက်ဖက်တွင်သွားနေထိုင်သည့်အုပ်စုကိုအနောက်ဖက်အမည်ဖြင့်ကရင်နီလို ပနိုးအဖွဲ့ဟူ၍၄င်း၊ အရှေ့ဖက်နယ်စပ်ကိုသွားရောက်စောင့်ထိန်းအုပ်ချုပ်နေထိုင်သည့်အုပ်စုကို နယ်စပ်အုပ်ချုပ်ရေးအမည်ဖြင့် ပိုးကူးအဖွဲ့ဟူ၍၄င်းစသည်ဖြင့်အုပ်စု(၄)စု၏အမည်ကိုအသီးသီးမှည့်ခေါ်လာပါသည်။ နောက်ပိုင်းမှ အခြားမျိုးနွယ်စုငယ်များထပ်မံပေါ်ပေါက်လာပါသည်။ လက်ရှိကရင်နီပြည်တွင်းတွင်နေထိုင်သည့် မျိုးနွယ်စုများမှာ□ ကယား၊ ကယန်း၊ ကယော၊ ပကူး၊ ယင်းဘော်ယင်းတလဲ၊ ကေခိုကေဘား၊ မနူးမနော၊ ရှမ်း၊ ပအိုဝ့်တို့ဖြစ်ပါသည်။

## (၁၄)ကရင်နီပြည်၏တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ

ကရင်နီပြည်သည် မြောက်လတတ္တီတွဒ် ၁၀*၅၀နှင့်၁၉*၅၀နှင့် အရှေ့လောင်ဂျီတွဒ် ၉၇*၁၀နှင့် ၉၇*၅၀အကြားတွင်တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၄၅၈၂စတုရန်းမိုင်ရှိသည်။ လူဦးရေမှာ(၃) သိန်းခန့်ရှိသည်။

# ကရင်နီနယ်(ဝါ)ကယားပြည်နယ်ပြည်တွင်းရေး
# နှင့်
# ပြည်တွင်းစစ်အကြောင်းများ သိကောင်းစရာ

## နိဒါန်း

ကမ္ဘာမှာလူမျိုးတစ်မျိုးဖြစ်ပြီဆိုလို့ရှိရင် သူ့တိုင်းသူ့ပြည် သူ့ရပ်သူ့ရွာရှိကြရမှာဖြစ်ပါတယ်။ တဖန်တိုင်းပြည်တစ်ပြည်ဖြစ်ပြီဆိုလျှင် သူ့ဘာသာ၊ သူ့ဓလေ့၊ သူ့ယဉ်ကျေးမှုရှိလာကြပါတယ်။ ထို့ကြောင့်ဘယ်လူမျိုးမဆိုသူကိုးကွယ်သောဘာသာ၊သူ့ရိုးရာဓလေ့၊သူ့ယဉ်ကျေးမှုများကိုရှိသေချစ်မြတ်နိုးကြပါတယ်။ ထိုကဲ့သို့ လူ့သဘာဝယဉ်ကျေးလာသည်နှင့်အညီကိုယ့်တိုင်းကိုယ့်ပြည်များကိုထူထောင်လာကြပြီး လူမျိုးစုငယ်အနွယ်အဖွားများသည်သူ့ရပ်သူ့ရွာယသူ့ဒေသများဖြင့် တစ်စုတစ်စည်းတည်းမှီတင်းနေထိုင်လာကြပါသည်။ သို့ဖြစ်၍လူမျိုးတိုင်းသည်ကိုယ့်တိုင်းကိုယ့်ပြည်ကိုယ့်ယဉ်ကျေးမှုများကိုချစ်မြတ်နိုး၍ကာကွယ်စောင့်ရှောက်လာကြတာဖြစ်ပါသည်။
ထို့ကြောင့် ကိုယ့်တိုင်းကိုယ့်ပြည်ယကိုယ့်လူမျိုးကို အခြားတစ်ပါးသောသူကလာရောက်ကျူးကျော်စော်ကားလျှင်မည်သူမှခံမည်မဟုတ်ပါ။ ထို့ကြောင့် ယခုလိုရေးသားပြုစုထားသော ကရင်နီ(ဝါ)ကယားပြည်နယ်ပြည်တွင်းရေးနှင့်ပြည်တွင်းစစ်များအကြောင်းသိကောင်းစရာစာစောင်သည် အမှန်စင်စစ်ကိုယ့်တိုင်းယကိုယ့်ပြည်ကိုယ့်လူမျိုးကိုချစ်မြတ်နိုးသောလူတိုင်းအတွက် ဖတ်ရှုလေ့လာ၊ ဝေဖန်၊ သုံးသပ်နိုင်ရန်ရေးသားခြင်းဖြစ်ပါသည်။ မည်သူ့ကိုမှသူသာသည်နာသည်ကိုရည်ရွယ်ခြင်းလုံးဝမရှိဘဲ အရှိကိုအရှိအတိုင်းအမှန်ကိုအမှန်အတိုင်းအဖြစ်အပျက်မှန်ကန်မှုကိုသာရေးသားပါကြောင်းတင်ပြအပ်ပါသည်။

စာရေးသူ၏အာဘော်
၃၁၊ ၁၂၊ ၉၃

(၁) ၁၉၄၅ ခုနှစ်တွင်ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီး မြန်မာပြည်ကိုအင်္ဂလိပ်ကပြန်လည်သိမ်းပိုက်အုပ်ချုပ်သည်။ ထိုအချိန်အခါတွင်ကယားပြည်နယ်ကို ကရင်နီပြည်နယ်ဟုခေါ်သည်။ ကရင်နီပြည်နယ်သည် နယ်(၃)နယ်ဖြစ်သော(၁)ကြယ်ဖိုးကြီးနယ် (၂)ဘောလခဲနယ် (၃)ကန္တရဝတီနယ်ဟူ၍နယ်သုံးနယ်စုပေါင်းထားသည်။ ထိုနယ်(၃)နယ်အတွင်းမှီတင်းနေထိုင်လာခဲ့သောတိုင်းရင်းသားလူမျိုးများမှာ(၁)ကရင်နီ(ခေါ် )ကယားလူမျိုး(၂)ပရဲ(ခေါ် )ကယောလူမျိုး(၃)ပဒေါင်(ခေါ်)ကယန်းလူမျိုး(၄)မနူးမနော(ခေါ် )မနောလူမျိုး (၅)တလျား(ခေါ် )ယင်းတလဲလူမျိုး(၆)ပကူး(ခေါ် )ကရင်လူမျိုးများဖြစ်ကြသည်။

(၂)ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်နောက် ကရင်နီပြည်၏ နယ်(၃)နယ်စောဖျာ(ခေါ်)စော်ဘွားများမှာ(က)စောရွှေ–ကြယ်ဖိုးကြီးနယ်စော်ဘွား (ခ)စပ်ငယ်ဒူး–ဘောလခဲနယ်စော်ဘွား (ဂ)စပ်လဝီ–ကန္တာရဝတီနယ်စော်ဘွားများဖြစ်ကြသည်။ ထိုစော်ဘွားသုံးဦးအနက်ကြယ်ဖိုးကြီးနယ်စော်ဘွားစောရွှေသည် ၁၉၄၃ခုနှစ်ဂျပန်စစ်အတွင်းတောင်တန်းဒေသမဟာမင်းကြီးဘသီကတင်မြောက်အသိအမှတ်ပြု၍စော်ဘွားသုံးဦးအနက်ရှေးအကျဆုံး(ဝါအကြီးဆုံး)ဖြစ်သည်။စောရွှေသည်စော်ဘွားဘွဲ့ရရှိပြီးသည့်နောက်ဘောလခဲနယ်စပ်ငယ်ဒူးသည် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ခုနှစ်၌အင်္ဂလိပ်အစိုးရကဘောလခဲနယ်စော်ဘွားအဖြစ်တင်မြောက်အသိအမှတ်ပြုသည်။ နောက်ဆုံးစပ်လဝီအား ကန္တာရဝတီနယ်စော်ဘွားအဖြစ် ဦးစိန်တို့အဖွဲ့က ဗမာပြည်နှင့်ဆက်သွယ်ပြီးတင်မြောက်၍တဖက်သတ်ကြေညာခဲ့သည်။

(၃)ဤကဲ့သို့စပ်လဝီအားစော်ဘွားအဖြစ်တင်မြောက်ပြီးတဖက်သတ်ကြေညာရခြင်းအကြောင်းမှာ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသောအခါ ကန္တရဝတီနယ်စော်ဘွားကြီးခွန်လီး၏သားတော်သုံးဦးဖြစ်သော (၁)မဟာဒေဝီ၏သားတော်စောဇီန(၂)နန်းဒွေး၏သားစပ်လဝီ(၃)စောမြ၏သားစောဝဏ္ဏတို့သည် သူလည်းစော်ဘွားဖြစ်ချင် ငါလည်းစော်ဘွားဖြစ်ချင်ကြ၍ ညီအကိုချင်းနေရာလုအငြင်းပွားမှုဖြစ်ကြသဖြင့် ထိုပြဿနာကိုလူထုဆန္ဒမဲဖြင့်အဆုံးအဖြတ်ပေးရန်ရွေးကောက်ပွဲကိုကျင်းပပေးခဲ့သည်။ ထိုရွေးကောက်ပွဲတွင်မဟာဒေဝီ၏သားစပ်ဇီနကအသက်အားဖြင့်အငယ်ဆုံးဖြစ်သော်လည်းအပြတ်အသားအနိုင်ရရှိခဲ့သည်။ သို့သော်ဗမာပြည်နှင့်ပူးပေါင်းလိုသောဦးစိန်နှင့်အပေါင်းပါလူတစ်စုက ထိုရွေးကောက်ပွဲသည်နိုင်ငံရေးပရောဂပါသဖြင့်အသိအမှတ်မပြုနိုင်ကြောင်းနှင့်ရွေးကောက်ပွဲအသစ်တဖန်ပြန်လည်ကျင်းပရမည်ဖြစ်ကြောင်းကန့်ကွက်စာတင်သွင်းတောင်းဆိုလာခဲ့သည်။စပ်ဇီနကလည်းယခုကျင်းပခဲ့သောရွေးကောက်ပွဲသည်နိုင်ငံရေးစွက်ဖက်မှုမပါရှိကြောင်းနှင့်ကန္တာရဝတီနယ်မှနယ်သူနယ်သားများသာလျှင်မဲပေးရွေးချယ်ကြသဖြင့် တရားသောရွေးကောက်ပွဲဖြစ်ကြောင်း ထို့ကြောင့်တရားသောရွေးကောက်ပွဲဟူသည် နှစ်ကြိမ်ကျင်းပရန်ထုံးတမ်းစဉ်လာမရှိကြောင်းကိုပြန်လည်တင်ပြသည်။ ထိုကဲ့သို့စပ်ဇီနကပြန်လည်တင်ပြသည်ကိုဦးစိန်နှင့်အပေါင်းပါတို့ကအလေးထားအရေးမယူပဲ ရွေးကောက်ပွဲတွင်ရှုံးခဲ့သောစပ်လဝီအားကန္တရဝတီနယ်စော်ဘွားအဖြစ် အတင်းအဓမ္မနည်းဖြင့်တင်မြောက်ပြီး တဖက်သတ်ကြေညာလိုက်သဖြင့် ထိုနေ့ရက်မှစ၍ကန္တရဝတီနယ်သူနယ်သားပြည်သူလူထုသည် နှစ်ခြမ်းကွဲပြီး တဖက်နှင့်တဖက်အကြီးအကျယ်မကျေနပ်မှုစတင်ဖြစ်ပေါ်လာခဲ့သည်။

(၄)ထိုကဲ့သို့ကယားပြည်နယ်အရေးအခင်းအရှုပ်အထွေးကြားထဲမှ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်မတ်လတွင် သခင်နု၊ဦးဖေခင်နှင့်မန်းဘခိုင်တို့သည် ကယားပြည်နယ်လွိုင်ကော်မြို့သို့ရောက်ရှိလာ၍သမဝါယမရုံးအစည်းဝေးခန်းမဆောင်တွင်နိုင်ငံရေးတရားဟောခဲ့သည်။ တဖန် ၂၃၊ ၁၂၊ ၄၆ ရက်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်း၊ စောဘဦးကြီးနှင့်မန်းဘခိုင်တို့သည်ကယားပြည်နယ်လွိုင်ကော်မြို့သို့ရောက်ရှိလာကြပြီး ဗမာပြည်လွတ်လပ်ရေးရရှိရေးအတွက်အလွန်အရေးကြီးကြောင်းကို ၂၄၊ ၁၂၊ ၄၆ ရက်နေ့တွင်လွိုက်ကော်မြို့လည်ဓမ္မာရုံကြီးတွင်နိုင်ငံရေးတရားဟောခဲ့သည်။ ထိုအချိန်ကဗိုလ်ချုပ်အောင်ဆန်းသည်အင်္ဂလိပ်အစိုးရ၏ဘုရင်ခံအမှုဆောင်ဝန်ကြီးအဖွဲ့ဒုတိယဥက္ကဌအဖြစ်၄င်း၊ မြန်မာတော်လှန်ရေးဗမာ့တပ်မတော်စစ်ဦးစီးချုပ်အဖြစ်၄င်း၊ ဖဆပလ အဖွဲ့ချုပ်ဥက္ကဌအဖြစ်၄င်း၊ စောဘဦးကြီးသည်ဘုရင်ခံအမှုဆောင်အဖွဲ့ဝင်ဝန်ကြီးအဖြစ်၄င်း၊ ကရင်အမျိုးသားအဖွဲ့ချုပ်ဥက္ကဌအဖြစ်၄င်း၊ မန်းဘခိုင်သည်ဝန်ကြီးအဖွဲ့အဖြစ်၄င်း၊ ကရင်အမျိုးသားအမှုဆောင်အဖြစ်၄င်းတာဝန်အသီးသီးထမ်းဆောင်ချိန်ဖြစ်သည်။

(၅)ထိုစဉ်ကဗိုလ်ချုပ်အောင်ဆန်း၏ဟောကြားချက်မှကောက်နုတ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်။
→ကျုပ်ကရင်နီလာတာအဓိကအချက်ကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့ဖြစ်ပါတယ်။ ဒီကနေ့ဗမာပြည်လွတ်လပ်ရေးကိုအမြန်ဆုံးရယူရမှာဖြစ်ပါတယ်။ခင်များတို့ရထားပြီးတဲ့ကရင်နီရဲ့လွတ်လပ်ရေးအခွင့်အာဏာနယ်ပယ်ကိုကျုပ်တို့လာအုပ်ချုပ်တာမဟုတ်ပါဘူး။ ဝင်ရောက်မစွက်ဖက်ဘူး။ ခင်များတို့နယ်နှင့်ခင်များတို့အုပ်ချုပ်ပါ။ ဒါပေမဲ့ ယခုခင်ဗျားတို့ရရှိထားတဲ့လွတ်လပ်ရေးဆိုတာ အင်္ဂလိပ်အစိုးရကဝင်ရောက်စွက်ဖက်နေတယ်။ မကြာခင်တို့လွတ်လပ်ရေးရမယ်၊ဒို့ရမယ့်လွတ်လပ်ရေးဟာအင်္ဂလိပ်အစိုးရကဝင်ရောက်မစွက်ဖက်နိုင်ဘူး။ ဒို့လွတ်လပ်ရေးတောင်းတာအင်္ဂလိပ်ကျွန်မဖြစ်စေလို့ဖြစ်တယ်။ ခင်ဗျားတို့ကိုလည်းမဖြစ်စေချင်ဘူးအတူတူဘဲ၊ ဒါကြောင့်တို့တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်စေချင်တယ်။စည်းလုံးညီညွတ်ကြပါ။ဒို့လွတ်လပ်ရေးရလာသောအခါသူကပိုပြီးအခွင့်အရေးရတယ်၊ငါကပိုပြီးယူသင့်တယ်မရှိဘူး၊တရားမျှတခြင်း၊ညီမျှခြင်းစတဲ့အခွင့်အရေးများကို မျှမျှတတရစေရမည်ဟုဂတိပေးစကားပြောကြားခဲ့သည်။ထို့ကြောင့်ကရင်နီ၏နိုင်ငံရေးမျိုးစေ့သည်သခင်နုနှင့်အဖွဲ့လာရောက်ချပေးပြီးဗိုလ်အောင်ဆန်းက လာရောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရပါသည်။

## (၆)ဒုတိယကမ္ဘာစစ်ကြီးအပြီး ကရင်နီနယ်အုပ်ချုပ်ရေး

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့်နောက် ၁၉၄၅ခုနှစ်စက်တင်ဘာလ(၁)ရက်နေ့တွင် ကရင်နီနယ်သို့ အကြံအဉာဏ်ပေးရန် အင်္ဂလိပ်လူမျိုးမေဂျာဂရေဟမ်နှင့်ကရင်နီလူမျိုးစောဂီးလ်ဘတ်ကရာစုတို့သည် ကရင်နီနယ်လွိုင်ကော်မြို့သိုရောက်ရှိလာပြီး နယ်ကြားဝန်ထောက်အဖြစ် မေဂျာတောရီ(ကရင်နီလူမျိုး)က လွိုင်ကော်မြို့တွင်ရုံးထိုင်ဖွင့်လှစ်လျက်ရှိသည်။

## (၇)ရှမ်းပြည်ပင်လုံအစည်းအဝေး

၁၉၄၆ ခုနှစ်၊ဖေဖော်ဝါရီလတွင် ပထမအကြိမ်ရှမ်းပြည်ပင်လုံအစည်းအဝေးသို့တက်ရောက်ရန်ရှမ်းစော်ဘွားများတို့က ကရင်နီနယ်စော်ဘွားများတို့ကိုဖိတ်ခေါ်လာခဲ့သော်လည်းကရင်နီနယ်သည်နဂိုလ်မူလကပင်လွတ်လပ်ထားသောနယ်မြေဖြစ်သည့်အတွက် တက်ရောက်ရန်မလိုကြောင်းဆုံးဖြတ်၍အစည်းအဝေးသို့မတက်ဘဲနေခဲ့သည်။

## (၈)တောင်တန်းဒေသဆိုင်ရာ မင်းကြီးရောက်လာခြင်း

၁၉၄၆ ခုနှစ်၊ဖေဖော်ဝါရီလတွင် တောင်တန်းဒေသဆိုင်ရာမင်းကြီး မစ္စတာစတီမင်ဆင်သည်ကရင်နီနယ် လွိုင်ကော်မြို့သို့ရောက်လာသောအခါ ဘောလခဲနယ်မှဦးဘီတူရီ၊ကန္တာရဝတီနယ်မှစောရွှေဟုန်း၊စောသိန်း၊ကြယ် ဖိုးကြီးနယ်မှစော်ဘွားစောရွှေ၊ မိုးဗြဲနယ်မှသိုင်းဘဟန်တို့နှင့်အခြားလူ (က)စစ်လျော်ကြေးများပေးရန်၊ (ခ)ကရင်နီ နယ်စစ်တပ်ဖွဲ့စည်းပေးရန်၊ (ဂ)တာတမံတူးမြောင်းများဖောက်လုပ်ပေးရန်၊ (ဃ)ကျန်းမာရေး၊ပညာရေး၊စီးပွားရေးများပြုလုပ်တည်ဆောက်ပေးရန်စသည်များကိုတောင်းဆိုရာ၌ မည်သည့်အခွင့်အရေးမရခဲ့ပါ။ သို့သော်လည်းမြန်မာနိုင်ငံသို့ကိုယ်ပိုင်အုပ်ချုပ်ရေးပေးတော့မည်ဖြစ်၍ ကရင်နီ၊ ကရင်၊ ရှမ်း၊ ကချင်၊ ချင်း စသောလူမျိုးစုပေါင်းပြီး (ဖရန်းတီယာရေိယာ)ခေါ်တောင်တန်းဒေသ၏အုပ်ချုပ်ရေးအဖွဲ့သို့ပါဝင်ရန် မစ္စတာစတီမင်ဆင်ကတိုက်တွန်းခဲ့ပါ သည်။ထိုကိစ္စအတွက် နယ်သူနယ်သားနှင့်ဆွေးနွေးတိုင်ပင်ပြီးမှအကြောင်းပြန်မည်ဖြစ်ကြောင်းပြည်နယ်ကိုယ်စားလှယ်များကပြန်ကြားခဲ့ကြပါသည်။

## (၉)မြန်မာပြည်နှင့်ပေါင်းသင့်မပေါင်းသင့်

၁၉၄၆ ခုနှစ်၊ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ဘောလခဲနယ်မြောက်ပိုင်းမာလာမြို့တရားသူကြီးဦးဘီနေအိမ်၌စည်းဝေးတိုင်ပင်ကြရာ(ဖရန်းတီယာရေိယာ)တောင်တန်းဒေသများနှင့် ပူးပေါင်းရန်သင့်မသင့်ကို ဆွေးနွေးသည်။အကယ်၍ဖရန်းတီယာရေိယာနှင့်ပူးပေါင်းမည်ဆိုလျှင်ကရင်နီနယ်သည်စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများမပြည့်စုံသေး၊ အခြားနိုင်ငံများနှင့်လည်းကူးသန်းရောင်းဝယ်ရေးထွက်ပေါက်မရှိသေးသည့်အတွက်မြန်မာပြည်နှင့်သာလျှင်ပူးပေါင်းရန်သင့်သည်ဟုဆွေးနွေးတင်ပြကြပါသည်။ အကြောင်းမှာမြန်မာပြည်၌လူအင်အား၊ ငွေအင်အား၊ စီးပွားရေးအင်အား၊ ပညာရေးအင်အားထွက်ကုန်ဝင်ကုန်ပင်လယ်ဆိပ်ကမ်းများရှိသည်သာမက ရှေးအစဉ်အဆက်ကပင်ချစ်ကြည်ရင်းနှီးခဲ့ကြသည်ဖြစ်၍မြန်မာနှင့်သာလျှင်ပူးပေါင်းသင့်ကြောင်း၊ ၄င်းပြင်မြန်မာပြည်ထဲတွင်

တိုင်းရင်းသားများဖြစ်သောကရင်ဖြူလူမျိုးများစွာရှိသေးအတွက်၄င်းတို့ကိုလည်းမိမိတို့နှင့်တမြေတည်းနေ၊ တရေတည်းသောက်၍ လစ်လျူရှုရန်မသင့်တော်ကြောင်းဟုဆုံးဖြတ်ကြပါသည်။

စာမျက်နှာ ၃

## (၁၀)သမဝါယမအသင်းတည်ထောင်ခြင်း

ဆက်လက်၍စီးပွားရေးကဏ္ဍကိုညှိနိုင်းဆွေးနွေးရန်၊ကမ္ဘာစစ်ကြီးပြီးဆုံးသည့်နောက်ပြာပုံအတိသာလျှင် ကျန်ရှိခဲ့သောကရင်နီနယ်ကိုပြန်လည်ထူထောင်ရန်အတွက် အင်္ဂလိပ်အစိုးရထံမှ အကူအညီ၊ အထောက်အပံ့တောင်းသော်လည်းမရသဖြင့်ကိုယ့်ဒူးကိုယ်ချွှန်မှသာလျှင်ဖြစ်၍ ကရင်နီနယ်သမဝါယမအသင်းတည်ထောင်ရန်ဆုံးဖြတ်ကြသည်။ထိုသမဝါယမအသင်းဖွဲ့စည်းတည်ထောင်ရန်အသင်းဥက္ကဌအဖြစ် ဦးစိန်အားတင်မြောက်ကြသည်။ စော်ဘွားများအပါအဝင်အမှုဆောင်များလည်း ရွေးချယ်တင်မြောက်ဖွဲ့စည်းသည်။ ထိုသမဝါယမအသင်းကြီးကို ဃုဃ ဟုအမည်တပ်သည်။ ထို့နောက်အမှုဆောင်များရွေးချယ်ပြီးထိုမှတဆင့်(စောဒိုကလာ)အားအထွေထွေမန်နေဂျာအဖြစ်၄င်း၊(စောဂျဆင်ကလှ)ကိုဘဏ္ဍာရေးမှူးအဖြစ်၄င်းရွေးချယ်ခန့်ထားသည်။ ၄င်းသမဝါယမသည်ကရင်နီနယ်တနယ်လုံးအတွက်အလုပ်အကျွေးပြုပြီးစီးပွားရေးသော့ချက်တခုဖြစ်သည်။ ထိုကဲ့သို့အရေးကြီးသောစီးပွားရေးအသက်သွေးကြောကိုဦးစိန်ကနိုင်ငံရေးအမြတ်ထုတ်ပြီးချယ်လှယ်လာသည်ကအများကမကျေနပ်သဖြင့်ဦးစိန်အားအယုံအကြည်မရှိအဆိုကိုတင်ပြရာအပြတ်အသတ်အနိုင်ရကြသည်။ထို့ကြောင့် ဦးစိန်ကိုဥက္ကဌအဖြစ်မှရပ်စဲရန်ဦးစိန်ကလည်းကျေနပ်၍ အေးအေးဆေးဆေးဖြစ်ကြစေရန် ရွှေငါးကျပ်သားကိုပါဆုပေးပြီး ဂုဏ်ပြုချီးမြှင့်လိုက်သည်။ထို့နောက်ကရင်နီနယ်သမဝါယမအသင်းကြီးဥက္ကဌကိုဦးစောလှဦးအားအသစ်ရွေးချယ်ခန့်အပ်လိုက်သည်။ ထိုသမဝါယမအသင်းကြီးသည် ထိုက်သင့်သလောက်တိုးတက်မှုရှိသော်လည်း ၁၉၄၈ ခုနှစ် ပြည်တွင်းစစ်ကြောင့်ပျက်စီးဆုံးရှုံးခဲ့သည်။

## (၁၁)တောင်တန်းဒေသများနှင့်တွေ့ဆုံခြင်း

၁၉၄၆ ခုနှစ်၊မတ်လ(၃၁)ရက်နေ့ တောင်ကြီးမြို့အရေးပိုင်မစ္စတာလိ(ချလ်)ဖိတ်ခေါ်ချက်အရ တောင်ကြီးမြို့၌ ရှမ်း၊ ချင်း၊ ကချင်၊ ဝ စသောတောင်တန်းဒေသမှစော်ဘွား–ဒူးဝါးခေါင်းများတို့နှင့်တွေ့ဆုံဆွေးနွေးရန်ရှိသည့်အတွက်ကန္တာရဝတီနယ်အတွက် ဦးစိန်၊ စပ်လဝီ၊ စပ်ဇီန၊ စပ်သိန်း၊ ဦးဘသောင်း၊ ကြယ်ဖိုးကြီးနယ်မှ စော်ဘွားစောရွှေ၊ အေမြလေး၊ ဘောလခဲနယ်မှ ဦးလွီးဇီ၊ မိုးဗြဲနယ်မှသိုင်းဘဟန်၊အစိုးရကိုယ်စားစောဂီးလ်ဗတ်ကရာစူးတို့ကသွားရောက်ကြသည်။ ထိုအစည်းအဝေးကို ၁၉၄၆ ခုနှစ်ဧပြီလ(၁၇)ရက်နေ့တောင်ကြီးမြို့တွင်စည်းဝေးကြ၍ဥက္ကဌအဖြစ်ညောင်ရွှေစော်ဘွားကြီးစပ်ရွှေသိုက်အား၄င်း၊ အတွင်းရေးမှူးအဖြစ်မိုင်းပွန်စော်ဘွား စပ်စံထွန်းအား၄င်းဆောင်ရွက်ကြပါသည်။ စည်းဝေးတိုင်ပင်သည့်ကိစ္စမှာ တောင်တန်းဒေသ(ဖရန်းတီးယာဧရိယာ)တွင်ပါဝင်ရေးကိစ္စဖြစ်၍ထိုကိစ္စကိုကရင်နီနယ်ကိုယ်စားလှယ်များကပြန်လည်စဉ်းစားဆွေးနွေးကြရဦးမည်ဟုပြောပြီးပြန်လာကြသည်။

## (၁၂)ကရင်နီနယ်လွှတ်တော်ဖွဲ့စည်းလိုက်ခြင်း

၁၉၄၆ ခုနှစ်၊ဧပြီလ(၃၀)ရက်နေ့၌ လွိုင်ကော်မြို့ကန္တာရဝတီနယ်ရုံးတွင်ကရင်နီနယ်အရေးသည်အရေးကြီးလာသည့်အတွက်ဦးစိန်ကကမကထပြုပြီးအထူးအစည်းအဝေးတစ်ရပ်ကိုပြုလုပ်သည်။ထိုအစည်းအဝေးသည်ကရင်နီနယ်ကော်စီ(လွှတ်တော်)ဖွဲ့စည်းသင့်ကြောင်းဦးစိန်ကအကြံပေး၍ ကော်စီဥက္ကဌအဖြစ်ဦးစိန်အား၄င်း၊အ တွင်းရေးမှူးအဖြစ်ဦးဘသောင်းအား၄င်း လျာထားပြီး အဖွဲ့ဝင်များမှာနယ်ရှင်စော်ဘွားများအပြင် လူထုခေါင်းဆောင်များတစ်နယ်လျှင်(၄)ဦးထား၍နယ်လေးနယ်အတွက်(၁၆)ဦးထားရန်ဖြစ်ပါသည်။

## (၁၃)မြန်မာပြည်သို့ဆင်းလာကြခြင်း

၁၉၄၆ ခုနှစ်၊ဧပြီလ(၂၄)ရက်နေ့တွင် မြန်မာပြည်သို့သွားရောက်ကြသည့်လူများမှာ(၁)ကန္တရဝတီနယ်မှဦးစိန်၊ဦးဘသောင်း၊စောသိန်း၊ဦးညိမ်း၊စပ်လဝီ၊စပ်ဇီန (၂)ကြယ်ဖိုးကြီးနယ်မှစောဖျာစောရွှေ၊အေမြလေး၊မောင်ဖိုး (၃)ဘောလခဲနယ်မှစပ်ငယ်ဒူး၊ ဦးလွီးဇီ (၄)မိုးဗြဲနယ်မှသိုင်းဘဟန်၊ ဦးဘီခဝါးတို့ဖြစ်ပါသည်။ ထိုအဖွဲ့သည်တောင်ငူမြို့သို့ခေတဝင်၍ ၂၆၊ ၄၊ ၄၆ ရက်နေ့တွင်စောဂျွန်ဆင်ဒီဖိုးမင်း၏ ကရင်အစည်းအဝေးသို့တက်ရောက်လေ့လာကြသည်။ နောက်တစ်ရက်တွင်ရန်ကုန်မြို့သို့ဆက်လက်ဆင်းလာကြပြီး စောဘဦးကြီးနေအိမ်၌တည်းခိုကြ၍ရန်ကုန်မြို့တွင်မြန်မာပြည် ဖဆပလ အဖွဲ့ချုပ်ဥက္ကဌဗိုလ်ချုပ်အောင်ဆန်းနှင့်သွားရောက်တွေ့ဆုံဆွေးနွေးကြသည်။ထို့

နောက်တောင်တန်းဒေသဆိုင်ရာမင်းကြီးမစ္စတာစတီဖင်ဆင်က ဦးဘီ၊ စောသိန်းနှင့်စောရွှေတို့(၃)ဦးကိုတွေ့လို၍ ပြောပြီးမစ္စတာလေဒင်ကလာရောက်ခေါ်သွားပါသည်။ အတွင်းဝန်များရုံးသို့ရောက်သောအခါတိုင်းရေးပြည်ရေး ဆွေးနွေးကြသည့်အနက်မစ္စတာစတီဗင်ဆင်ကဆက်လက်ပြောရာမှာအင်္ဂလိပ်အစိုးရမသိဘဲအခွင့်မရှိလျှင်ကရင်နီ

စာမျက်နှာ–၄

နယ်မှမထွက်ရဟုစိတ်မချမ်းသာစရာပြောသည်။ ယခုလိုမြန်မာပြည်သို့လာရောက်ခြင်းကို မည်သည့်အတွက် ကြောင့်အင်္ဂလိပ်အစိုးရကိုအကြောင်းမကြားသနည်း။ အကယ်၍အကြောင်းကြားလာခဲ့လျှင်မြန်မာများပြုစုစောင့် ရှောက်သကဲ့သို့ကောင်းစွာပြုစုစောင့်ရှောက်နိုင်သည်ဟုပြောပြရာ ဦးဘီက ကျွန်နော်တို့ကရင်နီလူမျိုးသည် မြန် မာပြည်သို့အလည်အပတ်အဖြစ်လာရောက်သည့်အတွက် မည်သည့်လူမျိုးမဆိုဧည့်ခံကျွေးမွေးလျှင်လက်ခံရမည့် ဓလေ့ထုံးစံရှိသည့်အတိုင်း ယခုအင်္ဂလိပ်အစိုးရကကျနော်တို့အားဧည့်ခံကျွေးမွေးပါလျှင်လည်း ငြင်းပယ်ရန်အ ကြောင်းမရှိဟုပြန်ပြောပါသည်။

### (၁၄)ကရင်နီနယ်ကိုအင်္ဂလိပ်ကစတင်ချုပ်ချယ်လာခြင်း

ကရင်နီကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မှကရင်နီနယ်သို့ပြန်ရောက်ပြီးနောက် ၁၉၄၇ခုနှစ်၊ဇွန်လ(၁၇) ရက် စာအမှတ် ၁၁၁၆ ဖြင့်အင်္ဂလိပ်အစိုးရနယ်ခြားအတွင်းဝန်ထံမှပေးပို့လာသောစာအရ ကရင်နီနယ်ရှင်အရာ ရှိများသည်ဆိုင်ရာအင်္ဂလိပ်အစိုးရအရာရှိထံမှသဘောတူညီသောစာရမှသာလျှင်မိမိနယ်မှ ထွက်ခွာသွားနိုင်မည် ဟုပါရှိသည်ကိုကရင်နီနယ်သူနယ်သားများကမခံမရပ်နိုင်ဘဲနိုင်ငံရေးစိတ်ပိုမိုဝင်စားလာသည်။

ထို့အပြင် ၂၀၊ ၂၊ ၄၇ရက်နေ့စွဲဖြင့်အမိန့်ထုတ်ပြန်သည်မှာ အသင်းတည်ထောင်ခြင်း၊ဟောပြောပွဲကျင်း ပခြင်း၊ စာရွက်စာတမ်းပုံနှိပ်ထုတ်ဝေခြင်း၊ ကျေငြာခြင်း၊ သတင်းစာတို့ပေးပို့ခြင်းများကို မပြုလုပ်ရ အမိန့်ကိုကျူး လွန်လျှင် ဒဏ်ငွေ(၅၀၀)ကျပ်သို့မဟုတ်ထောင်ဒဏ်တစ်နှစ် သို့မဟုတ် ဒဏ်နှစ်ရပ်လုံးကိုအပြစ်ပေးခြင်းခံရမည်။ ထိုကဲ့သိုအမိန့်ထုတ်ပြန်ခြင်းကိုပြည်သူ၏ဆန္ဒနှင့်မကိုက်ညီမလျော်ကန်သဖြင့် ထိုအမိန့်ကို ပြည်သူကဖီဆန်ပြီး နိုင် ငံရေးလုပ်ရှားမှုပိုမိုမြင့်တက်လာသည်။

### (၁၅)ကရင်နီနယ်နိုင်ငံရေးအယူအဆစတင်ကွဲအက်လာခြင်း

ကရင်နီကိုယ်စားလှယ်များ မေမြို့ရီးစဲဝီလျှံကော်မရှင်နယ်သို့မသွားမီ ၁၉၄၇ခုနှစ်ဧပြီလ၌အစည်းအဝေး ပြုလုပ်ရာတွင် မြန်မာပြည်နှင့်တိုက်ရိုက်ပူးပေါင်းမည်(သို့)တောင်တန်းဒေသနှင့်ပူးပေါင်းမည်ကိုဆွေးနွေးညှိနိုင်းကြ ရာဦးစိန်ကမြန်မာပြည်နှင့်တိုက်ရိုက်ပူးပေါင်းမည်ကိုအဆိုတင်သွင်းသည်။ တဖန်၄င်းအဆိုကိုဘောလခဲနယ်တရား သူကြီး ဦးဘီကယနေ့မြန်မာပြည်သည်လောလောဆယ်လွတ်လပ်ရေးမရရှိသေးသည့်အတွက ထိုအဆိုကိုဆိုင်းငံ့ ထားရန်နှင့်မြန်မာပြည်လွတ်လပ်ရေးရပြီးမှသာစဉ်းစားမည်ဟုဆွေးနွေးရင်းကန့်ကွက်သည်။ ထို့အပြင်မြန်မာပြည် နှင့်တိုက်ရိုက်ပူးပေါင်းမည်ဆိုပါက အောက်ပါအတိုင်းလူထုဆန္ဒနှင့်အညီကရင်နီနယ်လွတ်လပ်ရေးမထိခိုက်စေရန် စည်းကမ်းချက်များကိုကြိုတင်သတ်မှတ်ထားရမည်ဖြစ်ကြောင်းဆွေးနွေးကြပါသည်။ စည်းကမ်းချက်များ–

(က)မြန်မာပြည်နှင့်ပူးပေါင်းလျှင် ခွဲထွက်လိုသောအခါ ခွဲထွက်ခွင့်ရှိစေရန်။

(ခ) မြန်မာနိုင်ငံအစိုးရအဖွဲ့တွင် ကရင်နီနယ်အတွက်ဝန်ကြီးတစ်ဦးခန့်ထားရန်၊
၄င်းဝန်ကြီးသည်ပြည်နယ်ဥက္ကဌလည်းဖြစ်စေရမည်။

(ဂ) မိမိနယ်မြေကိုမိမိစီမံဖန်တီးနိုင်ရန်။

(ဃ)နောင်အနာဂါတ်ကာလတွင် ပူးပေါင်းခြင်း၊ ခွဲထွက်ခြင်းအရေးကိစ္စများကိုလွတ်လပ်စွာဖန်တီးနိုင်ရန်ဖြစ်သည်။

### (၁၆)ဗိုလ်ချုပ်အောင်ဆန်းလွိုင်ကော်သို့ရောက်ရှိလာခြင်း

ဗိုလ်ချုပ်အောင်ဆန်းလွိုင်ကော်မြို့သို့ ၂၃၊ ၁၂၊ ၄၆ ရက်နေ့တွင်ရောက်ရှိ၍ ၂၄၊ ၁၂၊ ၄၆ ရက်နေ့တွင် မြို့လယ်ဓမ္မရုံကြီး၌ နိုင်ငံရေးတရားများကိုဟောပြောသည်။ တောင်တန်းဒေသမင်းကြီးမစ္စတာစတီဗင်ဆင်၊စောဘ ဦးကြီး၊ဦးဖေခင်လောင်ရွှေ(ခေါ်)ကျားကြီးစပ်ရွှေသိုက်၊မိုင်းပုန်စော်ဘွားကြီးစပ်စံထွန်းလည်းရောက်ရှိလာကြသည်။

**ဗိုလ်ချုပ်အောင်ဆန်းတရားဟောကြားချက်အကျဉ်းချုပ်**

ကရင်နီနယ်ဟာလွတ်လပ်စွာအုပ်ချုပ်လာခဲ့တဲ့သီးခြားပြည်နယ်တစ်နယ်ဖြစ်တယ်။ ဒါကြောင့်ယခုကျွန်ုပ် တို့ကရင်နီပြည်နယ်ကိုရောက်ရှိလာသည်မှာ ကရင်နီပြည်နယ်ကိုလာပြီးစွက်ဖက်ဖို့အုပ်ချုပ်ဖို့မဟုတ်ဘူး၊ ခင်ဗျား

တို့နယ်နဲ့ခင်ဗျားတို့လွတ်လွတ်လပ်လပ်အုပ်ချုပ်ပါ။ သို့သော်လည်း ယခုကျွန်ုပ်တို့လာတာအဓိကအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ဖို့ဖြစ်ပါတယ်။ ထိုမှတဆင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက်ဖြစ်ပါတယ်။ များမကြာမီ လွတ်လပ်ရေးလည်းရတော့မှာဖြစ်ပါတယ်။ ယခုကရင်နီနယ်ဟာလွတ်လပ်ပါတယ်ဆိုပေမဲ့ အင်္ဂလိပ်ကဝင်



ရောက်စွက်ဖက်တယ်။ဒါကြောင့်ဒို့တတွေအင်္ဂလိပ်ကျွန်မဖြစ်ချင်ဘူး။ခင်ဗျားတို့ကိုလည်းမဖြစ်စေချင်ဘူး။အတူတူပဲတို့ရမယ့်လွတ်လပ်ရေးဟာအင်္ဂလိပ်မစွက်ဖက်နိုင်ဘူး၊ တို့လွတ်လပ်ရေးရတဲ့အခါ တိုင်းရင်းသားရသင့်ရထိုက်တဲ့လွတ်လပ်ရေးအသီးအပွင့်ကိုမျှဝေစေရမယ်၊ သူကပိုရတယ်၊ ငါကပိုရတယ်ဆိုတာမရှိစေရဘူး၊ အခွင့်အရေးဟူသမျှတန်းတူညီမျှရရှိစေရမယ် စသည်ဖြင့်တရားဟောကတိစကားပေးခဲ့သည်။

## (၁၇)လွှတ်တော်တက်ရန်စေလွှတ်ခြင်း

မြန်မာပြည်သို့နောက်ဆုံးရောက်ရှိလာသောမစ္စတာတော့တွမ်လီကော်မရှင်၏ဖိတ်ခေါ်ချက်အရအစည်းအဝေးကျင်းပခဲ့သည်။ ထိုအစည်းအဝေးသည်(က)ကရင်နီနယ်သည်ကော်သူးလေကရင်ပြည်နယ်နှင့်မပူးပေါင်းရန်၊ ဆုံးဖြတ်ချက်(၁)တိုင်းပြုပြည်ပြုလွှတ်တော်သို့တက်ရောက်ရန် ကရင်နီနယ်ကိုယ်စားရွေးချယ်စေလွှတ်ခြင်းများဖြစ်သည်။လွှတ်တော်သို့ကိုယ်စားလှယ်များစေလွှတ်ရန်ဘောလခဲနယ်မှ ခေါင်းဆောင်ဦးဘီတူရီနှင့်ကန္တရဝတီနယ်မှဦးစောသိန်းတို့အားရွေးသည်။ ထိုကဲ့သို့ဦးစောသိန်းကိုရွေးရန်ဦးစိန်ကမကြိုက်သဖြင့် လွိုင်ကော်မြို့သို့ပြန်လာပြီးဦးစိန်ကလွိုင်ကော်မြို့တွင်အစည်းအဝေးတစ်ရပ်အရေးပေါ်ခေါ်ယူပြီးဦးစောသိန်းကိုရန်ကုန်မြို့သို့လွှတ်တော်တက်ရန်အတွက်လူထုဆန္ဒနှင့်မဆန့်ကျင်စေဘဲဆောင်ရွက်ရန်ဦးစောသိန်းအား ကတိဝန်ခံချက်တောင်းသည်။ ဦးစောသိန်းကလည်းပြည်သူလူထုဆန္ဒအတိုင်း တသွေမတိမ်းလိုက်နာဆောင်ရွက်ပါမည်ဟု ရဲရဲရင့်ရင့်ကတိပြုသည်။

## (၁၈)လွှတ်တော်မတက်ဘဲပြန်လာခြင်း

ဦးဘီနှင့်စောသိန်းတို့နှစ်ဦးသည် လွှတ်တော်တက်ရန်မြန်မာပြည်ရန်ကုန်မြို့သို့ရောက်သောအခါ လွှတ်တော်သို့မတက်မီ၂၀၊ ၆၊ ၄၇ရက်နေ့တွင်ဘုရင်ခံနှင့်တိုက်ရိုက်သွားရောက်တွေ့ဆုံသည်။ ထိုသို့သွားရောက်တွေ့ဆုံစဉ်ဘုရင်ခံက ခင်ဗျားတို့ဘာကိစ္စနဲ့လာသလဲ ဟုမေးရာ ဦးဘီကတိုင်းပြုပြည်ပြုလွှတ်တော်တက်ရန်ဖြေသဖြင့်ဘုင်ခံက ကရင်နီပြည်သည်လုံးဝလွတ်လပ်ပြီးဖြစ်သောပြည်နယ်တစ်နယ်ဖြစ်၍ လွတ်လပ်ရေးထပ်တောင်းရန်မလိုကြောင်းကိုအိမ်တော်၌ဘုရင်ခံကိုယ်တိုင်ပြောပြခဲ့သည်ကို ဦးဘီနှင့်စောသိန်းတို့သည်လွှတ်တော်မတက်တော့ဘဲပြန်လာကြသည်။ လွိုင်ကော်သို့ပြန်ရောက်သည်နှင့်ကြေညာစာတစ်စောင်ထုတ်ပြန်ခဲ့သည်။

### ကြောငြာစာတမ်း

တိုင်းသူပြည်သားအပေါင်းတို့ မြန်မာပြည်၏တိုင်းပြုပြည်ပြုလွှတ်တော်တွင် လွတ်လပ်သောမြန်မာပြည်၏အနာဂါတ်အုပ်ချုပ်ရေးစည်းမျဉ်းရေးဆွဲရာ၌ ကရင်နီနယ်များအတွက်မပါနိုင်ချေ။ အကြောင်းမှာ မြန်မာပြည်၊ ရှမ်းပြည်တို့သည်ကရင်နီနယ်များကဲ့သို့အဆင့်အတန်းမတူချေ။ မြန်မာပြည်သည်မလွတ်သေးချေ။ လွတ်လပ်စွာအုပ်ချုပ်နိုင်ရန်အတွက်မြန်မာပြည်၏အနာဂါတ်အုပ်ချုပ်ရေးကိုယခုမှသာလျှင် ကရင်ဖြူ၊ ရှမ်း၊ ရခိုင်၊ ကချင်၊ ဂိုမ်းဖေါစသောခေါင်းဆောင်ကြီးများနှင့်တိုင်ပင်ဆွေးနွေးကြလျှက် အုပ်ချုပ်ရေးစည်းမျဉ်းကို စတင်ရေးဆွဲလျှက်ပင်ရှိသည်။၄င်းတို့အလိုရှိရေးဆွဲသောအုပ်ချုပ်ရေးစည်းမျဉ်းကို အင်္ဂလိပ်ပါလီမန်လွှတ်တော်တွင်တင်သွင်းရမည်။ ယခုမြန်မာပြည်အနာဂါတ်အုပ်ချုပ်ရေးစည်းမျဉ်းရေးဆွဲသောအဖွဲ့သည် ဘာမှအာဏာမရှိသေးသည်ကို တိုင်းသူပြည်သားတို့သိသင့်ပေသည်။သို့အတွက်၄င်းတို့အလိုရှိရေးဆွဲသော လွတ်လပ်သောမြန်မာနိုင်ငံလုံးဝအာဏာပိုင်အုပ်ချုပ်ရေးစည်းမျဉ်းသည်လူထုအပေါ်တွင်ရှိသည်ဟုဆိုထားသော်လည်း အမှန်စင်စစ်အင်္ဂလိပ်ပါလီမန်၏သဘောတူညီချက်ရမှသာလျှင်လုံးဝအာဏာပိုင်လွတ်လပ်သော မြန်မာပြည်အုပ်ချုပ်ရေးကိုရရှိပေလိမ့်မည်။ ကရင်နီနယ်များသည်လုံးဝအာဏာပိုင်အုပ်ချုပ်ရေးရရှိထားပေသည်။ ကရင်နီနယ်များသဘောမတူဘဲ အင်္ဂလိပ်အစိုးရကဘာမှမလုပ်နိုင်ကြောင်းကို ၂၀၊ ၆၊ ၄၇ ရက်နေ့ရန်ကုန်မြို့ညနေ(၃း၀၀)နာရီအချိန်တွင်ဘုရင်ခံအိမ်တော်၌တွေ့ဆုံစဉ်အခါဘုရင်ခံကိုယ်တိုင်ဝန်ခံသည်။

ကျွန်ုပ်တို့အတွက်ကရင်နီနယ်များသည် လွတ်လပ်ပြီးသောနယ်များဖြစ်သည့်အတွက် မြန်မာပြည်လုံးဝအာဏာပိုင်လွတ်လပ်ရေးအတွက်ရေးဆွဲသည့်စည်းမျဉ်းထဲတွင် မပါဝင်ထိုက်သင့်ကြောင်းကိုနိုင်ငံရေးနားလည်သူတိုင်းသိသင့်ပေသည်။ `မန်မာပြည်သည်တကယ့်လွတ်လပ်ရေးရပြီးနောက်မှသာလျှင် နှစ်ပြည်တစ်ပြည်မဟာမိတ်

အနေဖြင့်ရေးဆွဲသင့်ပေသည်။မြန်မာပြည်သည်လွတ်လပ်ရေးရပြီးနောက်မည်သည့်အဖွဲ့ပါတီ အစိုးရဖြစ်သည်ကိုလည်းကျွန်ုပ်တို့လုံးဝမသိနိုင်သေးပေ။သို့အတွက်မြန်ပြည်သည်လုံးဝလွတ်လပ်ရေးရပြီးသည့်နောက် အစိုးရဖြစ်သည့်အဖွဲ့နှင့် အထက်ဖော်ပြပါအတိုင်းမဟာမိတ်အနေဖြင့် စာချုပ်ပြုလုပ်ရမည်ဖြစ်ကြောင်းကိုသိရှိနားလည်ရန်။

စာမျက်နှာ ၆

(၁၉) ပြည်နယ်ရှိအရေးပါအရာရောက်သော ခေါင်းဆောင်များဖြစ်ကြသည့် ကျယ်ဖိုးကြီးနယ်စော်ဘွားစောရွှေ၊ ဘောလခဲနယ်စော်ဘွားဦးဘီတူရီ၊ မော်ချီးနယ်မြေလူထုခေါင်းဆောင်ဦးရွှေလင်း၊ ဦးဘစိန်ညို၊ မိုးဗြဲနယ်အမတ်ကြီးပေါလု၊ ကန္တာရဝတီနယ်စော်ဘွားသား စောဇီနတို့အားအသိမပေးပါ။ မိုဆိုရှာနေအေးမြလေးကိုတိတ်တဆိတ်လာခေါ်ပြီးရန်ကုန်သို့ဆင်းသွားကြသည်။ ထိုကဲ့သို့ဦးအေးမြလေးကလည်း စော်ဘွားစောရွှေကိုအသိမပေးပဲဦးစိန်တို့နှင့်တိတ်တိတ်ပုန်းသွားသည်ကိုပြန်ခေါ်ရန်စော်ဘွားစောရွှေကိုယ်တိုင် ဗိုလ်ဟိန်းဦးရယ်ကိုခေါ်ပြီးဖရူဆိုမြို့မှလွိုင်ကော်မြို့ထိလိုက်သွားသော်လည်းမမှီလိုက်သဖြင့် စိတ်မချမ်းမသာတော့ဘဲပြန်လာခဲ့ရသည်။ ဦးအေးမြလေးသည်ကြယ်ဖိုးကြီးနယ်သားမဟုတ်သော်လည်း ကြယ်ဖိုးကြီးနယ်တွင်တောအုပ်အဆင့်ဖြင့် လာရောက်အမှုထမ်းရင်းစော်ဘွားစောရွှေနှင့်ရင်းနှီးလာသဖြင့်တောအုပ်မှတဆင့်စော်ဘွားအကြံပေးအရာရှိဖြစ်လာသည်။ထိုမှတဆင့်ပြောရေးဆိုခွင့်ရှိပြီးကိုယ်စားလှယ်လွှဲအပ်စာပါရထားသူဖြစ်သည်။

ထိုကဲ့သို့ဦးစိန်နှင့်စပ်ဝဏ္ဏာတို့သည်ရန်ကုန်မြို့သို့သွားရောက်၍ ဝန်ကြီးချုပ်ဦးနုနှင့်တွေ့ဆုံပြီးဆွေးနွေးရာ၌ကရင်နီပြည်သူလူထုသည် ကရင်ဖြူနှင့်မပူးပေါင်းလိုသဖြင့် မြန်မာပြည်နှင့်တိုက်ရိုက်ပူးပေါင်းလိုကြောင်းတောင်းဆိုပါသည်။ ထိုကိစ္စသည်တိုင်းရေးပြည်ရေးအတွက်အရေးကြီးသဖြင့် ၂၇၊ ၁၂၊ ၄၇ ရက်နေ့တွင်လွှတ်တော်ရုံး၌ထပ်မံတွေ့ဆုံကြရာ ဝန်ကြီးချုပ်ကချိန်းလိုက်သည်။

၂၇၊ ၁၂၊ ၄၇ ရက်နေ့တွင် ဦးစိန်နှင့်စပ်ဝဏ္ဏာသည် လွှတ်တော်ရုံးသို့သွား၍ ဥပဒေရေးဆွဲရေးအဖွဲ့ ဦးချန်ထွန်းနှင့်တွေ့သည်။ဦးချန်ထွန်းကလည်းဝန်ကြီးချုပ်ကိုအကြောင်းကြားသည်။တဖန်ဝန်ကြီးချုပ်ကနိုင်ငံတော်တရားရေးဝန်ကြီး ဦးမြင်သိန်းကိုဖုန်းဖြင့်ဆက်ခေါ်သည်။ ထိုသို့သုံးဦးစလုံးဆုံကြသောအခါ ဝန်ကြီးချုပ်ဦးနုကစ၍စပ်ဝဏ္ဏာနှင့်ဦးစိန်တို့သည် သူတို့ကရင်နီ(၃)နယ်ကိုမြန်မာပြည်နှင့်ပေါင်းလိုကြောင်းလာပြောနေကြသဖြင့် ဦးမြင့်သိန်းနှင့်ဦးချန်ထွန်းတို့မည်သို့သဘောပေါက်သနည်းဟုမေးရာ ဦးမြင့်သိန်းကကျွန်တော်ပြောနိုင်တာကတော့ ခေါင်းဆောင်မရှိ၊ ကလေးတွေသာရှိတယ်၊ ကန္တာရဝတီနယ်အတွက်စပ်ဝဏ္ဏာဆိုတာလက်ခံနိုင်ပါတယ်ဟုပြောပါသည်။ ထိုသို့ပြောသည်ကိုစပ်ဝဏ္ဏာက ကျွန်တော်တို့ကန္တာရဝတီနယ်အတွက်ခေါင်းဆောင်အဖြစ်လက်ခံလျှင် ကျန်နှစ်နယ်အတွက်ကျွန်တော်နှင့်ဦးစိန်ကို ခေါင်းဆောင်များအဖြစ်လက်ခံပါ။ အားလုံးတာဝန်ယူပါမည်လို့အင်တိုက်အားတိုက်ပြောသည်။

ပြီးတော့ဦးချန်ထွန်း၊ဦးမြင့်သိန်းနှင့်ဝန်ကြီးချုပ်ဦးနုတို့သုံးဦးဆွေးနွေးကြပါသည်။ ဦးချန်ထွန်းကဒီနယ်မြေတွေဟာရှာသာသာကလေးတွေပါ။ မြန်မာပြည်ထဲကိုထည့်လိုက်ရင်လည်းကန့်ကွက်မယ့်သူတွေရှိမယ်မထင်ပါ။ လက်ခံလိုက်ရင်ကောင်းပါတယ်ဟုပြောပါသည်။ ကျွန်တော်ကဦးချန်ထွန်းကိုထောက်ခံပြီးကျွန်ုပ်တို့ဗမာတွေကတဖက်သတ် ကရင်နီနယ်ကိုမြန်မာပြည်အတွင်းသို့ထည့်သွင်းခြင်းမဟုတ်ပါ။ ၄င်းတို့ကခေါင်းဆောင်တွေလာပြော၍လက်ခံခြင်းဖြစ်၍အပြစ်ဆိုမည့်သူရှိမှာမဟုတ်ပါ။ကန့်ကွက်နိုင်သူတစ်ဦးသာရှိပါတယ်။ ထိုသူမှာအင်္ဂလိပ်သာလျှင်ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုယ်တိုင်ကလည်းဒီနယ်များကိုမြန်မာပြည်အတွင်းထည့်သွင်း၍ ကန့်ကွက်မည်မဟုတ်ပါဟုပြောရာဝန်ကြီးချုပ်ဦးနုက ချက်ချင်းလက်ခံရန်ဆုံးဖြတ်ပါသည်။ နောက်ပြီးဝန်ကြီးချုပ်က ကရင်နီပြည်နယ်အခြေခံဥပဒေကို ရှမ်းပြည်နယ်၏အခြေခံဥပဒေအတိုင်းရေးဆွဲစေပါသည်။

ကျွန်တော်ကစပ်ဝဏ္ဏာကို ခွဲထွက်ရေးကိစ္စနှင့်ပတ်သက်၍ ကချင်ပြည်နယ်ကခွဲထွက်ရန်စွန့်လွှတ်သကဲ့သို့စွန့်လွှတ်ရန်တိုက်တွန်းပါသည်။၄င်းအပြင်သူ့အားဒီနယ်တွေကသေးသေးလည်းဖြစ်လို့ဘယ်လိုဖြစ်နိုင်မှာလဲ။ တစ်ဦးတည်းနေနိုင်မှာမှမဟုတ်ဘဲဟုလည်းပြောရာ စပ်ဝဏ္ဏာကရှမ်းပြည်ကိုခွဲထွက်ရန်အခွင့်အရေးပေးလျှင် ကျွန်တော်တို့သဘောအတိုင်းလွတ်လပ်သောတိုင်းပြည်အဖြစ်ဝင်ရောက်လာတဲ့နယ်တွေကိုခွဲထွက်ရန် အခွင့်အရေးပေးသင့်ပါသည်။ယခုကဲ့သို့ကတိုက်ကရိုက်လာရောက်ပူးပေါင်းခြင်းကိုနောက်နောင်အပြစ်ပြောလာလျှင် ခွဲထွက်ရန်အခွင့်အရေးရှိသားပဲလို့ချေပနိုင်ပါတယ်။ ဒီအခြေအနေလည်းရောက်နိုင်မည်မထင်ပါဟုပြောပါသည်။ ဒါကြောင့်ဝန်ကြီးချုပ်ဦးနုက သူတို့ပြောတဲ့အတိုင်းပဲလက်ခံလိုက်ပါဟုမိန့်ကြားပါသည်။

## (၂၀)ကရင်နီအစိုးရတဖက်သတ်ဖွဲ့စည်းခြင်း

ဦးစိန်နှင့်စပ်ဝဏ္ဏသည် မြန်မာပြည်နှင့်ပူးပေါင်းလိုကြောင်းတောင်းဆိုသည်ကိုဝန်ကြီးချုပ်ဦးနုနှင့်အဖွဲ့များကလက်ခံလိုက်သည်နှင့် ကရင်နီနယ်လူထုဆန္ဒကိုမယူသည့်အပြင်လူထုအများဆုံးကြိုက်၍အဖက်ဖက်မှအင်အားအများဆုံးရှိသော ကြယ်ဖိုးကြီးနယ်စော်ဘွားစောရွှေ၊ ဘောလခဲနယ်တောင်ပိုင်းမော်ချီးဒေသ ပကူးလူမျိုးခေါင်းဆောင်ဆရာရွှေလင်း၊ကရဝတီနယ်စော်ဘွားရွေးကောက်ပွဲတွင်အပြတ်အသတ်အနိုင်ရရှိခဲ့သောစောဇီဏ္ဏ၊ ကနရဝတီနယ်တောင်ပိုင်းပကူးလူမျိုးများနေထိုင်ရာဒေသတိုက်သူကြီးစောတာအယ်ဖိုး၊မိုးဗြဲနယ်လူထုခေါင်းဆောင်အမတ်ကြီးပေါလူတို့ကိုဖယ်ရှားပြီး ဦးစိန်၏စိတ်တိုင်းကျလူနည်းစုဖြစ်ကြသော စပ်ဝဏ္ဏအားပြည်နယ်ဥက္ကဌအပြင်ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးအဖြစ်၎င်း၊ ဦးစိန်အားပါလီမန်အတွင်းဝန်အဖြစ်၎င်း၊ စပ်လှဝီအားကရင်နီအစိုးရအဖွဲ့ဝင်အဖြစ်၎င်း၊ ဦးအေမြလေးအားကရင်နီနယ်အကြံပေးအရာရှိအဖြစ်၎င်း၊ သိုင်းဘဟန်အားကရင်နီနယ်အုပ်ချုပ်စီမံခန့်ခွဲရေးဆိုင်ရာအရေးပိုင်အဖြစ်၎င်း အသီးသီးတင်မြှောက်ကြ၍ကရင်နီနယ်အစိုးရအဖွဲ့ဆိုပြီး ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ထိုကဲ့သို့ဖွဲ့စည်းပြီးသည့်နောက် မြန်မာပြည်လွတ်လပ်ရေးရပြီးကစ ၁၉၄၈ ခုနှစ်တွင်သိုင်းဘဟန်သည် ကရင်နီအရေးပိုင်အဖြစ်ရာထူးလက်ခံပြီး လွိုင်ကော်မြို့သို့ရုံးပြောင်းရွှေ့လာသည်။သိုင်းဘဟန်သည် မိုက်မိုက်ကန်း ကန်းတိုက်ခိုက်ရေးဝါသနာပါသည့်အလျှောက် မိမိ၏ကိုယ်ရံတော်တပ်ဖွဲ့ကိုတိတ်တဆိတ်ကြိုတင်ဖွဲ့စည်းထားပြီး ကိုယ်ပိုင်လက်နက်ခဲယမ်းမီးကျောက်စုဆောင်းထားရှိသူဖြစ်သည်။ ထိုသို့သိုင်းဘဟန်သည်(ဖဆပလ)အဖွဲ့ချုပ်နှင့်ပူးပေါင်းမိသည်။ အခြေခံပြုကာကရင်နီနယ်အရေးပိုင်ရာထူးကိုလက်ခံရယူပြီးသည့်နောက် ၎င်းနှင့်အတိုက်အခံဖြစ်သူပဒေါင်လူမျိုးအချင်းချင်းဖြစ်သောဘောလခဲနယ်လူထုခေါင်းဆောင်ဦးဘီတူရီကို ၉၊ ၈၊ ၄၈ ရက်တနလ်ာနေ့ မနက်(၈း၀၀)နာရီအချိန်တွင် မာလာရွာရှိဦးဘီနေအိမ်၌ ရှောင်တခင်သွားရောက်အလစ်တိုက်ခိုက်ခဲ့သည်။ ဦးဘီ ကိုဤကဲ့သို့သွားရောက်တိုက်ခိုက်ရသည်မှာဦးဘီသည်စစ်ပြိုင်အစိုးရထူထောင်ကြောင်းအကြောင်းပြ၍စွပ်စွဲခြင်း ဖြစ်ပါသည်။

## (၂၁)ဦးဘီလွတ်မြောက်ပြီ

ထိုသို့သိုင်းဘဟန်သည် မာလာရွာရှိဦးဘီ၏နေအိမ်ကိုအလစ်သွားရောက်ဝိုင်း၍တိုက်ခိုက်သော်လည်းဦးဘီလွတ်မြောက်သွားသည်။ ဦးဘီသည်၎င်ကိုယ်ရံတော်တပ်ဖွဲ့နှင့်အတူ ထွက်ပြေး၍ကြယ်ဖိုးကြီးနယ်ဖရူဆိုမြို့မြောက်ဘက်(၂)မိုင်အကွာပိုးစာခြံတွင် သွားရောက်နေထိုင်ပုန်းအောင်းနေစဉ်အခါ စော်ဘွားစောရွှေထံသို့အကြောင်းကြားပြီး အဆက်အသွယ်ယူနေသည်။သိုင်းဘဟန်ကလည်းဖရူဆိုမြို့တော်ရှိစော်ဘွားစောရွှေဟော်အထိလိုက်လာပြီး ဦးဘီလွတ်မြောက်သွားကြောင်းသွားနှင့်၎င်းအားရှာဖွေရာ၌ ကြယ်ဖိုးကြီးနယ်မြို့မတိုက်တွင်ပြေးရာပျောက်ဆုံးသဖြင့်အကူအညီပေးပါရန်စောရွှေအားတောင်းဆိုသည်။ စောရွှေကလည်း ကူညီနိုင်ရန်အတွက်အချိန်(၅)ရက်ပေးရန်ပြန်ပြောသည်ကိုသိုင်းဘဟန်လက်ခံ၍ လွိုင်ကော်မြို့သို့ပြန်သွားသည်။ သိုင်းဘဟန်ပြန်သွားပြီးနောက်ပိုင်းမှာ စောရွှေကဦးဘီကိုခေါ်ပြီးတိုင်ပင်ဆွေးနွေးကြရာ စောရွှေကဦးဘီအား ခင်ဗျားလွတ်မြောက်ရေးအတွက်မော်ချီးဘက်ကိုတိမ်းရှောင်ရင်အကောင်းဆုံးဘဲ အကြောင်းမှာမော်ချီးဒေသသည်မိမိလူထုတောင်းတင်း၍လုံခြုံသည်။ ဦးဘီဒီမှာရှိကြောင်းကိုလည်းသိုင်းဘဟန်ကသိပြီးဖြစ်သည်။ ထို့ကြောင့် ခင်ဗျားဆနရှိသလိုဆုံးဖြတ်ရန်ဖြစ်သည်ဟုစောရွှေကပြောသဖြင့် ဦးဘီသည်၎င်း၏အသက်မသတ်ဘူး။ ငါဥပဒေဘောင်အတွင်းမှာဖြေရှင်းလိုကြောင်း၊ကျနော်အပြစ်မရှိကြောင်းယုံကြည်သည်။ သူကသာ လက်နက်အားကိုးပြီးအချင်းချင်းဤကဲ့သို့တိုက်ကြခိုက်ကြတာမဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စဘဲ၊ ကျနော်ကဥပဒေဘောင်အတွင်းဘယ်သူကတရားတယ်၊ မတရားဘူးဆိုတာဥပဒေနည်းလမ်းနဲ့ဖြေရှင်းလိုတယ်။

ဤကဲ့သို့လူထုရှေ့မှောက်တွင် ဥပဒေအရဖြေရှင်းမှသာအမှန်တရားအဖြေရသဖြင့်ပြည်သူကအဆုံးအဖြတ်ပေးနိုင်လိမ့်မည်ဟု ဦးဘီကပြန်ပြောသည်။ ဦးဘီပြောဆိုသည့်အတိုင်းစောရွှေသည် လွိုင်ကော်မြို့ရှိသိုင်းဘဟန်ထံသို့သွားရောက်ပြောပြဆွေးနွေးသည့်အနက် အရေးကြီးဆုံးသောဦးဘီကို အကယ်၍အပ်နှံခဲ့လျှင် ၎င်း၏အသက်ကိုလုံးဝမသတ်ရန်စောရွှေကသိုင်းဘဟန်အားဂတိတောင်းခဲ့သည်။ ထိုသို့ကတိတောင်းသည်ကိုသိုင်းဘဟန်

ကလည်းလက်ခံ၍ဦးဘီကိုအပ်ခဲ့လျှင် ၄င်း၏အသက်ကိုမသတ်ပါကြောင်းရဲရဲဝံ့ဝံ့ဂတိပေးခဲ့သည်။ စောရွှေကလည်း ဦးဘီနှင့်ပြန်လည်တွေ့ဆုံ၍သိုင်းဘဟန်ပေးခဲ့သောကတိများကို ရှင်းပြရန်ဦးဘီကလည်းလက်ခံသဘောတူသည်။ ထို့ကြောင့်စောရွှေသည်သိုင်းဘဟန်ထံသို့အကြောင်းပြန်ကြားသဖြင့်သိုင်းဘဟန်ကိုယ်တိုင်ရောက်ရှိလာပြီး စောရွှေကဦးဘီကိုခေါ်ပေး၍အပ်နှံခဲ့သည်။ ထိုသို့ဦးဘီကိုသိုင်းဘဟန်က လှိုင်ကော်မြို့သို့ခေါ်ပြန်သွားခဲ့သည်။

စာမျက်နှာ ၈

## (၂၂)ဦးဘီကိုသတ်ပြီ

ထိုသို့ သိုင်းဘဟန်လက်ထဲသို့ဦးဘီရောက်ရှိပြီးသည့်နောက် များမကြာဘဲဦးဘီပြောက်ဆုံးကြောင်း ကြားသိ၍စုံစမ်းရာ သိုင်းဘဟန်၏ကိုယ်ရံတော်ဗိုလ်ရှုက ဦးဘီကိုရက်ရက်စက်စက်ရိုက်နှက်ပြီးဂုံနီအိတ်ထဲထည့်၍ မသေမရှင်မှီတွင်ဘီလူးချောင်းထဲပစ်ချလိုက်ကြောင်းအသေအချာသတင်းရသည်။ ဗိုလ်ရှုကလည်းမိမိကိုယ်တိုင် ဦးဘီကိုသတ်လိုက်ကြောင်းဝန်ခံပြောဆိုသည်။ ထိုသို့သတ်သည်မှာ လှိုင်ကော်၊မော်ချီး(၃၈)မိုင်တိုင်တွင်မော်ချီး သိမ်းရန်အသွားမှာဦးဘီ၏ကိုယ်ရံတော်ဗိုလ်လထံက ဆီး၍ချုံခိုတိုက်ခိုက်သဖြင့် သိုင်းဘဟန်၏ယောက္ခမဦးဘိခဝါကျဆုံးသောကြောင့် လက်စားချေ၍သတ်ကြောင်းပြောပါသည်။ ထိုသတင်းကြီးသည်တနယ်လုံးပြန့်နှံ့သွားသဖြင့် ပြည်သူလူထုကိုထိန်းမနိုင်သိမ်းမရသောအခြေအနေရှိသွား၍ ကရင်နီနယ်တနယ်လုံးဒေါသမီးဟုန်းဟုန်းထွက်ကာ တုန်လှုပ်ချောက်ခြားကုန်တော့သည်။

(၂၃)ထိုကဲ့သို့သိုင်းဘဟန်နှင့်အဖွဲ့သားများသည် ဦးဘီကိုသတ်ဖြတ်သဖြင့်စော်ဘွားစောရွှေအား သိုင်းဘဟန်ပေးခဲ့သောကတိကိုဖောက်ဖျက်သောကြောင့် တိုင်းသူပြည်သားတစ်ရပ်လုံးသည်မခံမရပ်နိုင်တော့ဘဲ များမကြာမီကရင်နီတောင်ပိုင်းမော်ချီးမြို့ကို မော်ချီးကရင်ဗိုလ်ကြီးတော်ဒီကဦးစီးဦးဆောင်ပြီးသိမ်းပိုက်လိုက်သည်။ ထိုအချိန်တွင်ကရင်နီနယ်မြောက်ပိုင်းလှိုင်ကော်မြို့ကို သိုင်းဘဟန်၊ စပ်ဝဏ္ဏတို့ကထိန်းသိမ်းအုပ်ချုပ်ထားသည်။ ထိုကဲ့သို့တင်းမာမှုနှစ်ဖက်ကြားမှ ကြယ်ဖိုးကြီးနယ် နယ်သူနယ်သားများသည်ဘယ်ဖက်မှမပါစေရန်နှင့်ကြားနေကြရန်အလိုရှိ၍ အချင်းချင်းဂတိသစ္စာများအဖြစ်နွားထီးကြီးတစ်ကောင်ကိုသတ်၍ ကယားလူမျိုးဓလေ့ထုံးစံအတိုင်း ဂတိသစ္စာခံယူကြသည်။ထိုသို့ဆူပူမှုသည်စော်ဘွားစောရွှေကလည်းမလိုလားသဖြင့် မိမိရုံးကိုကြယ်ဖိုးကြီးရွာသို့ပြောင်းရွှေ့ခဲ့ရသည်။ ထိုအချိန်တွင်သိုင်းဘဟန်ကအခွင့်ကောင်းယူလျှက် စောရွှေ၏ခွင့်ပြုချက်မရဘဲ မိမိ၏ တပ်များကိုဖရူဆိုမြို့တွင်လာရောက်ချထား၍ စစ်မျက်နှာကိုကရင်နီအရပ်ဒေသအထိယူထားသည်။ တဖန်စော် ဘွားစောရွှေရှိရာ ကြယ်ဖိုးကြီးရွာဘက်သို့ထိုးစစ်ဆင်ပြန်သည်။ ထိုစစ်ပွဲများ စောရွှေ၏ကိုယ်ရံတော်တပ်များက ကြန့်ကြန့်ခံတိုက်ထုတ်သဖြင့်သိုင်းဘဟန်တပ်ဖက်မှပါလာသော(ဖရင်းကယ်ရီယာ)တစ်စီးထိမှန်ဖျက်စီးခံရပြီး စစ် ရှုံး၍ဖရူဆိုမြို့အထိပြန်လည်ဆုတ်ခွာလိုက်ရသည်။ဖရူဆိုမြို့သည်၄င်း၊ကရင်နီအရပ်ဒေသတွင်၄င်း၊ ကြယ်ဖိုးကြီးမြို့ အရပ်ဒေသသည်၄င်း၊ရေိယာနယ်မြေများသည်ရှေးရှေးတုန်းကပင် ကြယ်ဖိုးကြီးနယ်မြို့မတိုက်ဟုသတ်မှတ်၍နောက်ဆုံးတွင်အုပ်ချုပ်သူမှာ စော်ဘွားစောရွှေ၏ညီတဝမ်းကွဲ စောဦးရယ်ဖြစ်ပါသည်။သို့ဖြစ်၍သိုင်းဘဟန်၏မတရား လုပ်ဆောင်မှုများကြောင့်ဗိုလ်ဟိန်း၊စောဦးရယ်ကမခံမရပ်နိုင်တော့ဘဲ စော်ဘွားစောရွှေ၏ လူယုံတော်လည်းဖြစ်၊ ကိုယ်ရံတော်လည်းဖြစ်သောဗိုလ်မော်ရယ်ကိုခေါ်ယူညှိနိုင်းပြီး နန်းဖဲရွာတွင်မော်ချီးဒေသမှလာသောဗိုလ်ကြီးတော် ဒီနှင့်သွားရောက်ပူးပေါင်းပြီးဖရူဆိုမြို့ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

ထိုကဲ့သို့ဖရူဆိုမြို့ပြန်လည်ရရှိရေးအတွက်အစွမ်းကုန်အသေခံတိုက်ရမည့်စစ်ဆင်ရေးစစ်ပွဲသည် ပြင်းထန်သည်ထက်ပြင်းထန်လာပြီးအသေအကြေတိုက်ကြသောကြောင့် မနက်(၈း၀၀)နာရီအချိန်တွင်ဖရူဆိုမြို့တွင်ဝင်ရောက်နိုင်ပြီး ထိုတိုက်ပွဲ၌ဗိုလ်ကြီးတော်ဒီကျဆုံးရရှာသည်။ထိုကဲ့သို့ဗိုလ်ကြီးတော်ဒီကျဆုံးသော်လည်း စစ်အရှိန်အဟုန်မလျှော့စေဘဲတိုး၍တိုက်ခိုက်သဖြင့် မနက်(၉း၀၀)နာရီအချိန်လောက်တွင်ဖရူဆိုမြို့တစ်မြို့လုံးကိုပြန်လည်သိမ်းပိုက်ရသဖြင့် သိုင်းဘဟန်နှင့်စပ်ဝဏ္ဏတပ်များကဖရိုဖရဲဖြစ်ပြီးလှိုင်ကော်မြို့အထိဆုတ်ခွာထွက်ပြေးကြသည်။ထိုကဲ့သို့ဖရူဆိုမြို့ကိုအောင်မြင်စွာပြန်လည်သိမ်းပိုက်အောင်ပွဲခံရသော်လည်း ထိုစစ်ပွဲတွင်ဗိုလ်ကြီးတော်ဒီကျဆုံးသဖြင့်ယူကျုံးမရအောင်တပြည်လုံးဝမ်းနည်းကြေကွဲကြပြန်သည်။ ထိုမှတဆင့်ဖရူဆိုမြို့တွင်းအခြေခံတပ်စခန်းချလာပြီးလှိုင်ကော်မြို့ကိုဆက်လက်ချီတက်တိုက်ခိုက်ခဲ့ရာ လှိုင်ကော်မြို့ကိုထပ်မံသိမ်းယူပြန်သည်။ထိုအချိန်အခါသည် သိုင်းဘဟန်နှင့်စပ်ဝဏ္ဏတို့တပ်များစိတ်ဓါတ်ကျဆင်းလျက်ထိန်းမနိုင်သိမ်းမရလောက်အောင် ကစဉ့်ကလျားထွက်ပြေးကြသဖြင့် သိုင်းဘဟန်နှင့်စပ်ဝဏ္ဏတို့သည်ကလောမြို့အထိဆုတ်ခွာထွက်ပြေးပြီး ခေတရုံးစိုက်နေထိုင်ခဲ့သည်။ ထိုအတောအတွင်း ဖဆပလ ဝန်ကြီးချုပ်ဟောင်းဦးနုထံမှ လက်နက်အင်အားလူအင်အားကိုအကူအညီရယူသည်။

မှတ်ချက် ။ ။ ကြယ်ဖိုးကြီးနယ်စော်ဘွားစောရွှေသည်ကယားပြည်နယ်ရှိ စော်ဘွား(၃)ဦးအနက် ဝါအကြီးဆုံးဖြစ်သည်။ထို့အပြင်နိုင်ငံရေးတက်ကြွမှုလှုပ်ရှားမှုအများဆုံးရှိသူဖြစ်သည်။ ထို့ကြောင့်မိမိမှာအကြံပေးသူ(ဝ)သုံးဦးသာထားသည်။ထိုပုဂ္ဂိုလ်များမှာ (၁)အေမြလေး (၂)စောဘ (၃)ရှိချက်မက်များဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်သုံးဦးအအနက်ဦးအေမြလေးသည် ဦးစိန်နှင့်ပြန်ပေါင်းပြီးဗမာပြည်နှင့်ပူးပေါင်းလိုသူဖြစ်သည်။ကျန်နှစ်ဦးတို့သည်(ဖရန်းတီယာဧရိယာ)တောင်တန်းဒေသနှင့်မဟာမိတ်ဖွဲ့ပြီး သီးခြားပြည်နယ်ထူထောင်လိုသူများဖြစ်ကြသည်။

စာမျက်နှာ ၉

**သုံးသပ်ချက် ။ ။ အဘယ်ကြောင့်ကရင်နီနယ်(ခေါ် )ကယားပြည်နယ်ပြည်တွင်းစစ်ဖြစ်ကြသလဲ အောက်ပါအချက်အလက်များကြောင့်ဖြစ်သည်။**

❖ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ကန္တာရဝတီနယ်စော်ဘွားရွေးချယ်တင်မြောက်ပွဲတွင် အပြတ်အသတ်အနိုင်ရသောမဟာဒေဝီ၏တစ်ဦးတည်းသောသား စောဇီဏ္ဏကိုစော်ဘွားမတင်ဘဲ ရှုံးနိမ့်ခဲ့သောစောလဝီအားစော်ဘွားတင်မြောက်ခြင်း၊

❖ ကြယ်ဖိုးကြီးနယ်စော်ဘွားအပေါ်သစ္စာမရှိခြင်း၊

❖ ကရင်နီနယ်ကို ပုဒ်မ(၁၈၀)အရ ကော်သူးလေကရင်နီပြည်နယ်သို့ထည့်သွင်းခြင်း၊

❖ ဝန်ကြီးချုပ်ဟောင်းဦးနုသည် ကရင်နီနယ်သူနယ်သားများနှင့်မညှိနိုင်းမတိုင်ပင်ဘဲ ဦးစိန်နှင့်စပ်ဝဏ္ဏတို့ကိုခေါင်းဆောင်တင်မြောက်ခြင်း၊

❖ ဦးစိန်နှင့်စပ်ဝဏ္ဏတို့သည် ပြည်သူလူထုဆန္ဒကိုမယူဘဲ ဗမာပြည်နှင့်ပူးပေါင်းခြင်း၊

❖ ဦးစိန်၊ စပ်ဝဏ္ဏတို့သည် ဖဆပလ အစိုးရနှင့်ပေါင်းပြီးကရင်နီနယ်ဟူ၍ တဖက်သတ်ဖွဲ့စည်းခြင်း၊

❖ သိုင်းဘဟန်သည်လက်နက်အင်အားကိုအသုံးပြုပြီး ဦးဘီကိုအလစ်ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊

❖ သိုင်းဘဟန်သည်စော်ဘွားစောရွှေအား ပေးခဲ့သောဂတိကိုဖောက်ဖျက်ပြီးဦးဘီကိုသတ်ဖြတ်ခြင်း၊

❖ ကြယ်ဖိုးကြီးနယ်မြေအတွင်းဝင်ရောက်ကျူးကျော်တပ်ချထားခြင်း၊

❖ စော်ဘွားစောရွှေအား သိုင်းဘဟန်နှင့်စပ်ဝဏ္ဏတပ်များက အကြောင်းမဲ့မတရားသက်သက်လိုက်လာတိုက်ခိုက်ခြင်း၊အထက်အကြောင်းအရာပါကိစ္စများကိုထောက်ရှုခြင်းအားဖြင့် ကရင်နီနယ်(ခေါ် )ကယားပြည်နယ်၏အရေးတော်ပုံအဖြစ်အပျက်ကိုသိရှိသဘောပေါက်နိုင်သည်။ သို့ဖြစ်၍ ကရင်နီနယ်ပြည်တွင်းစစ်စတင်ဖြစ်သော ၁၉၄၈ခု နှစ်မှ၁၉၉၃ ခုနှစ်၊ဒီဇင်ဘာလ(၃)ရက်နေ့အထိစစ်သက်တမ်း(၄၅)နှစ်ရှိပြီဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဦးစောဦးရယ်**
လွတ်တော်အမတ်
ဖရူဆိုမြို့
၁၉၉၃